ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (25-1-2012) (၇၀၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ပါကစ္စတန်နိုင်ငံသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ပါကစ္စတန်နိုင်ငံသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတ အိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၅-၁-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

အီကော်နောမစ် စကေး

မျက်မှောက်ကာလသည် သိသာထင်ရှားစွာ ပြောင်းလဲလျက်ရှိသောကာလဖြစ်သည်။ ထင်သာမြင်သာရှိသော အခြေအနေကောင်းများကို စောင့်ကြည့်လျက် ရင်းနှီးမြှုပ်နှံရန်စိုင်းပြင်းလျက်ရှိသူများမှာ ပြည်တွင်းရော ပြည်ပကပါ ဈေးကွက်စီးပွားရေးအလားအလာကို လေ့လာလျက်ရှိသည်။ ဈေးကွက်စီးပွားရေးပီပြင်လာလျှင် ထုတ်ကုန်ပစ္စည်းများ တိုးတက်လာပြီး တစ်ယူနစ်ချင်းစီ၏ ကုန်ကျစရိတ်သည်လည်း ကျဆင်းသွားမည်။ ထိုအယူအဆမှာ ကုန်သွယ်မှု အီကော်နောမစ်စကေးအယူအဆဖြစ်သည်။

ဈေးကွက်အသစ်များ ဖွင့်လှစ်ပေးခြင်း၊ ငွေပင်ငွေရင်းများ ရင်းနှီးမြှုပ်နှံစုဆောင်းရန် နည်းလမ်းရှာကြံလာခြင်းတို့ကြောင့် ခေတ်သစ်စီးပွားရေးလုပ်ငန်းများလည်း အလျင်အမြန်ကြီးထွားဖွံ့ဖြိုးစေမည်ဖြစ်သည်။ သို့သော် အီကော်နောမစ်စကေးကိုက်ဖို့လိုသည်။ ရယူမှုတိုင်းတွင် ပေးဆပ်မှုမည်မျှရှိမည်ကို တွက်ဆကြည့်ရမည်ဖြစ်သည်။

အကျိုးအမြတ်အားဖြင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မြင့်မားခြင်း၊ အပြိုင်အဆိုင်လုပ်ကိုင်သဖြင့် ကုန်ပစ္စည်းတန်ဖိုးသက်သာခြင်း၊ နိုင်ငံ့ဝင်ငွေတိုးတက်ရရှိခြင်း စသည်တို့သည် ကောင်းကျိုးများသာဖြစ်သည်။ လုပ်သာကိုင်သာရှိအောင်လည်း လုပ်ခွင့်ကိုင်ခွင့်နှင့် လုပ်နည်းကိုင်နည်းများကိုလည်း ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးကြသည်မှာလည်း အီကော်နောမစ်စကေး ညှိခြင်းသာ ဖြစ်သည်။

ထိုနေရာတွင် ရယူမှုအတွက် တန်ဖိုးကြီးကြီးမည်မျှပေးဆပ်မည်ကိုလည်း ကြည့်ရဦးမည်။ စီးပွားရေးပြန်လည်ဦးမော့လာရန် လိုအပ်သောအဓိကကျသည့် ကဏ္ဍများကို ပြည်သူ့ကိုယ်စားလှယ်များက လေ့လာဆန်းစစ်သုံးသပ်ကြကာ ပြင်ဆင်ဆောင်ရွက်မှုများမှာ ရှေ့အလားအလာအတွက် ကောင်းသောစကေးကိုက် လုပ်ဆောင်မှုများဖြစ်သည်။ ငွေရေးကြေးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ အလုပ်သမား၊ အငြင်းပွားမှုစသည်တို့မှာ မဖြစ်မနေပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စများဖြစ်သည်။

လုပ်ငန်းများအလွယ်တကူစီးဆင်းမှု၊ အာမခံချက်ရှိမှု၊ နစ်နာမှုမရှိမှုစသည်တို့မှာ အလေးအနက်ထားစရာဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများမှ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရာတွင် မဖြစ်စလောက်လုပ်အားခဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခဲ့သည့်အတွက် မည်မျှနစ်နာခဲ့ရသည်၊ စီးပွားရေးအဆုံးအဖြတ်ကြောင့် ပတ်ဝန်းကျင်ကို မည်မျှနစ်နာမှုရှိခဲ့သည်၊ စီးပွားရေးအမြတ်ထုတ်ရန်အတွက် အနာဂတ်နောင်ရေးနှင့် ယခုဆုံးရှုံးမှုစကေးတို့ မည်မျှရှိသည်တို့သည် သင်ခန်းစာများမှ ရယူရမည့်အချက်များသာ ဖြစ်သည်။

အလုပ်သမားများမနစ်နာဖို့၊ အလွယ်တကူအလုပ်မပြုတ်စေဖို့၊ နစ်နာကြေးများကို ခေတ်စနစ်နှင့်အညီ ပေးနိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုမှ ပတ်ဝန်းကျင်မထိခိုက်ဖို့၊ လူမှုရေးတုံ့ပြန်ချက်များအပေါ် တာဝန်ယူဖို့၊ ဒေသခံပြည်သူများ၏အကျိုး မထိခိုက်စေဖို့၊ နိုင်ငံအကျိုးဖြစ်ထွန်းဖို့ စသည့်အကွက်စေ့စေ့သုံးသပ်ချက်များသည် စီးပွားရေးညှိနှိုင်းပေါင်းစပ်မှုများ၏ အနှစ်သာရများ (သို့မဟုတ်) အချိုးညီစေမည့်စီးပွားရေးစကေးကိုက်လုပ်ဆောင်မှုများ ဖြစ်သည်။

ကျွန်ုပ်တို့၏မျှော်လင့်ချက်ရောင်ခြည်အတွက် အကွက်စေ့ဖော်ဆောင်မှုများမှာ စီးပွားရေးစကေးဟောင်းကို ချက်ချင်းပြောင်းလဲလိုက်နိုင်မှု၊ အားသွန်ရှန်းကန်နိုးထမှု၊ ပညာရှင်များ ညီညီညွတ်ညွတ် ပူးပေါင်းညှိနှိုင်းအဖြေရှာနိုင်မှုများ၏ အကျိုးရလဒ်ကောင်းများပင်ဖြစ်၏။ မည်သူဖျက်ဖျက်မပျက်နိုင်သောအကြောင်းတရားများလည်း ဖြစ်သည်။ ထို့ထက်မက အပြုသဘောဆောင်သော အကြံသစ်၊ ဉာဏ်သစ်များဖြင့် ဆက်လက်ဆောင်ရွက်ကြပါလျှင် အားနည်းချက်၊ ချို့ယွင်းချက်အနည်းဆုံး အီကော်နောမစ်စကေးဖြစ်လာမည်။ ဈေးကွက်အသစ်အတွက် ဖော်ဆောင်လျက်ရှိသော အီကော်နောမစ်စကေးသည် အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများတွင် ကြီးမားကျယ်ပြန့်သောစံမီစကေးများ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ကြေးမုံက သုံးသပ်ပါသည်။ ။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်သမ္မတနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာမြအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Qazi M. Khalilullah နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari နှင့် အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ဟိုတယ်များ၏အရည်အသွေးနှင့် ဝန်ဆောင်မှုများ အဆင့်မီဖြစ်စေရေး ကြယ်ပွင့်အဆင့်များသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်၏ ပြောင်းလဲတိုးတက်မှုများအပေါ် ကမ္ဘာ့နိုင်ငံများ၏ စိတ်ဝင်စားမှုရရှိလာပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးတက်ဝင်ရောက်လည်ပတ်လာသည်ကို တွေ့ရှိရသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဓလေ့ထုံးစံများနှင့် ရေမြေတောတောင်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် ခရီးသွားလုပ်ငန်းအဖြစ် စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အညီ ညီညွတ်မျှတစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံခြားဧည့်သည်များ မြန်မာနိုင်ငံသို့ ဝင်ရောက်မှု အဆင်ပြေလွယ်ကူစေရေး၊ ခရီးစဉ်လှည့်လည်သွားလာရာတွင် လုံခြုံစိတ်ချမှုရရှိစေရေးတို့အတွက် နိုင်ငံခြားသားဧည့်သည် သယ်ယူပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားစေရေး၊ ဖော်ရွေပျူငှာဧည့်ဝတ်ကျေပွန်သော ဧည့်လမ်းညွှန်များဖြစ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည့် နိုင်ငံတကာကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လက်ခံနိုင်ရေးအတွက် ခေတ်မီဟိုတယ်နှင့် ဟိုတယ် အခန်းအရေအတွက်များ တိုးတက်လာစေရန်၊ ဟိုတယ်များ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍတို့ နိုင်ငံတကာအဆင့်မီဖြစ်စေရန်၊ ဟိုတယ်အဆင့်အတန်း သတ်မှတ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ စံချိန်စံညွှန်းပြည့်မီသောဟိုတယ်များအား ဝန်ကြီးဌာနမှ ကြယ်ပွင့်အဆင့်များသတ်မှတ်၍ အသိအမှတ်ပြု ကြယ်ပွင့်တံဆိပ်ကြေးပြားများကို ဟိုတယ်များတွင် လိုက်လံတပ်ဆင်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်ဟိုတယ်ဇုန်တွင် ကြယ်သုံးပွင့်အဆင့်ရ ခေတ်မီဟိုတယ် ၁၃ လုံး၊ ကြယ်နှစ်ပွင့်ရ ဟိုတယ် ခုနစ်လုံး၊ ကြယ်တစ်ပွင့်ရ ဟိုတယ် တစ်လုံး စုစုပေါင်းဟိုတယ် ၂၁ လုံး၊ ပုဂံ-ညောင်ဦးဟိုတယ်ဇုန်တွင် ကြယ်သုံးပွင့်ရ ခေတ်မီဟိုတယ် ၁၁ လုံး၊ ကြယ်နှစ်ပွင့်ရ ဟိုတယ် ခုနစ်လုံး၊ ကြယ်တစ်ပွင့်ရ ဟိုတယ် လေးလုံး စုစုပေါင်းဟိုတယ် ၂၂ လုံး၊ တောင်ကြီး-အင်းလေးဒေသတွင် ကြယ်သုံးပွင့်ရ ခေတ်မီဟိုတယ် ၁၀ လုံး၊ ကြယ်နှစ်ပွင့်ရ ဟိုတယ် ရှစ်လုံး၊ ကြယ်တစ်ပွင့်ရ ဟိုတယ် ၁၃ လုံး စုစုပေါင်း ဟိုတယ် ၃၁ လုံး ရှိကြောင်း သိရသည်။ အဆိုပါဟိုတယ်များ၏ အရည်အသွေးအား စဉ်ဆက်မပြတ်လေ့လာစိစစ်သုံးသပ်ပြီး ကြယ်ပွင့်အဆင့်များ တိုးမြှင့်ခြင်း၊ အဆင့်လျှော့ချခြင်းများအား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အလားတူ ရန်ကုန်၊ မန္တလေးစသည့် ကျန်ဟိုတယ်ဇုန်များရှိ ဟိုတယ်များအား ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြု ကြယ်ပွင့်အဆင့်ရ ခေတ်မီဟိုတယ်ကြီးများတွင် ဝန်ဆောင်မှုကောင်းများဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တည်းခိုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၁၀ ၁။ တရားတော်
- ၈း၀၀ ၂။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၄။ ဇာတ်လမ်းတို

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၅၅ ၂။ သတိနှင့် တိုးမည့်ဖလံပိုးများ
- ၅း၀၀ ၃။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၇)**
- ၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၇။ **Mail Box**
- ၆း၃၅ ၈။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၁၈)
- ၇း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန်(အပိုင်း-၉)**
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၁။ ဒို့တာဝန်အရေး(၃)ပါး
- ၁၂။ နိုင်ငံတကာသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -အတိတ်မမေ့တော့ပါဘူး (ကောင်းပြည့်၊ ရီရီပွင့်ဖြူ၊ ဧရာ၊ ခင်လှိုင်၊ တက္ကသိုလ်ဂွမ်းပုံနှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၁၅။ အိုင်စီတီသုတ
- ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၄)**
- ၁၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၄၀၂၀	၀. ၀၃၁၈၇
တရုတ် (ယွမ်)	၆. ၃၃၃၀၀	၀. ၁၅၇၉၀
အိန္ဒိယ (ရူပီး)	၄၉. ၉၆၁၀	၀. ၀၂၀၀၂
မလေးရှား (ရင်းဂစ်)	၃. ၁၀၅၀၀	၀. ၃၂၂၀၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၈၇၄	၀. ၇၈၈၁၈
ဂျပန် (ယန်း)	၇၇. ၂၀၄၄	၀. ၀၁၂၉၅
တောင်ကိုရီးယား(ဝမ်)	၁၁၂၇. ၁၉	၀. ၀၀၀၈၉
ယူရို	၀. ၇၆၆၁၇	၁. ၃၀၅၁၉
ဗြိတိသျှ (ပေါင်)	၀. ၆၄၂၅၅	၁. ၅၅၆၃၀

အင်တာနက်။

ပြည်မြို့ လမ်းမတော်လမ်းနေ (ဦးစံဦး) - ဒေါ်တင်ရီတို့အား အမှူးထား၍ ဦးတင်မောင်အေး-ဒေါ်သန်းသန်းမြ၊ သမီး မယုယုမြင့်သွယ်တို့က ဥက္ကံမြို့ ဘိုးဘွားရိပ်သာသို့ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ဆိုဖာဆက်တီခုံများ လှူဒါန်းရာ ရိပ်သာအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟုန်စိန် လက်ခံစဉ်။ (ဘိုးဘွားရိပ်သာ)

◆ ပြည်ထောင်စုမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Qazi M. Khalilullah လည်း တက်ရောက်သည်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Qazi M. Khalilullah နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပေးအပ်

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် ဧည့်သည်တော် ပါကစ္စတန်သမ္မတနိုင်ငံသမ္မတအား ခရီးစဉ် မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ Mr. Georges Paclisanu ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မတီအဖွဲ့ဝင် ဦးသန်းထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ Mr. Georges Paclisanu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ယနေ့မိုးလေဝသအခြေအနေ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန Bureau of International Security and Nonproliferation ဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Thomas Countryman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကျွန်းစိုက်ခင်းအတွင်း ပေါင်းရှင်းနှင့် ခါးဆွ မြေတောင်မြှောက်

ရပ်စောက် ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ရပ်စောက်-ရွှေညောင်ကားလမ်း မိုင်တိုင်(၁၉/၂)နှင့် (၁၉/၃)အကြားတွင် စိုက်ပျိုးထားသော ၂၀၁၀-၂၀၁၁ ခုနှစ် လမ်းဘေး ဝဲ/ယာ ကျွန်းတစ်အုပ်တစ်မစိုက်ခင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ် ထီးခမ်းကျေးရွာ တစ်ရွာတစ်ကေစိုက်ခင်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် မြို့ဦး(၁)ကျေးရွာ တစ်အုပ်တစ်မ စိုက်ခင်းတို့အား လူထုလှုပ်ရှားမှုဖြင့် ပေါင်းရှင်း၊ ခါးဆွ မြေတောင်မြှောက်ခြင်းနှင့် မြေအစိုဓာတ်ထိန်းသိမ်းခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၈ ရက် နံနက်တွင် ကျင်းပသည်။

အဆိုပါ စုပေါင်းဆောင်ရွက်ပွဲသို့ ကျွန်းပင် ၁၅၀၀၊ ယူကလစ်ပင် ၁၂၀၀ တို့ကို အပင်ခြေပတ်လည် နှစ်ပေခန့်၌ ပေါင်းသင်ရှင်းလင်းခြင်း၊ ခါးဆွမြေတောင်မြှောက်ခြင်း၊ မြေအစိုဓာတ်ထိန်းသိမ်းနိုင်ရန် သစ်ရွက်ပေါင်း၊ မြက်ခြောက်များ ဖုံးအုပ်ပေးခြင်းလုပ်ငန်းကို စုပေါင်းပြုလုပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

လုမ္ဗိနီအင်ကြင်းပင်မှ အသီးများ အစုလိုက်၊ အပြုံလိုက်၊ အတွဲလိုက် ထူးဆန်းစွာသီးနေ

သတင်းမှတ်စု
ကိုတင်လှိုင်(မိတ္ထီလာ)

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု သက်တော်တမံဆည်အနီးတွင် သမိုင်းဝင်ရှေးဟောင်း ပေါခမ်းဓာတ်ပေါင်းစုံစေတီ ရှိသည်။ ထိုပေါခမ်းစေတီမှာ ပုဂံခေတ်သက္ကရာဇ် ၅၆၂ ခုနှစ် ဇေယျသူ(ခ) နရပတိစည်သူမင်းလက်ထက်ကတည်းက သီပေါစော်ဘွား ကုန်းပေါင်ခွန်မိုင်းတည်ထားသောစေတီတော် ကိုးဆူဖြစ်သည်။ နှစ်ပေါင်းများစွာကြာမြင့်လာ၍ တိမ်မြုပ်ပျောက်ကွယ် ပြိုပျက်နေခဲ့သည်။ ထိုတိမ်မြုပ်ပျောက်ကွယ် ပြိုပျက်နေသော သမိုင်းဝင်စေတီကိုးဆူကို သာစည်မြို့နယ် မုံပင်ဆုံကျောင်း ဆရာတော် ဦးဝိစိတ္တက အိပ်မက်အရ ၁၂-၁၁-၁၉၉၇ ခုနှစ်က ပြန်လည်တူးဖော်ခဲ့ပြီး ဉာဏ်တော် ၄၅ တောင်ရှိ ပေါခမ်းဓာတ်ပေါင်းစုစေတီတော်အဖြစ် တည်ထားခဲ့သည်။

ပေါခမ်းဓာတ်ပေါင်းစု စေတီတော်အတွင်းတွင် ဆရာတော် ဦးကဝိသာရအား နီပေါနိုင်ငံ ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန ဘုရားဖူးအဖွဲ့မှ လှူဒါန်းသော လုမ္ဗိနီအင်ကြင်းပင်တစ်ပင်ကို ပင့်ဆောင်၍ ၁၃၅၉ ခုနှစ်က ပေါခမ်းစေတီ၏ အဂ္ဂိထောင့်တွင် စိုက်ပျိုးခဲ့သည်။ ယခုအခါ အင်ကြင်းပင်၏ သက်တမ်းမှာ (၁၄)နှစ်ရှိပြီဖြစ်သည်။ အင်ကြင်းပင်မှာ ငါးနှစ်သားအရွယ်ကတည်းက နှစ်စဉ် အင်ကြင်းပန်းများ ပွင့်ခဲ့သည်ဆို၏။ သို့သော် ထိုအင်ကြင်းပင်မှ ၁၃၇၂ ခုနှစ် သီတင်းကျွတ်လဆန်းကတည်းက အင်ကြင်းသီးများ ထူးဆန်းစွာ စတင်သီးလာခဲ့သည်ဆို၏။ အခြားအင်ကြင်းပင်မှာ အပွင့်သာပွင့်ပြီး အသီးသီးသော အင်ကြင်းပင် ရှားသည်ဆို၏။ ယခုအခါ မုံရွာမြို့နယ် နဂါးတွင်းစံပြကျေးရွာရှိ ချမ်းသာကြီး ကျောင်းတိုက်ဆရာတော် ဦးဝိသဝ၏ ဘုန်းတော်ကြီးကျောင်းရှိ အင်ကြင်းပင်မှ ထူးဆန်းစွာ အသီးကြီးတစ်လုံး သီးနေသည့်အတွက် လူအများအထူးအဆန်းအဖြစ် သွားရောက်ကြည့်ရှုနေကြသည်။

သာစည်မြို့နယ် ပေါခမ်းဓာတ်ပေါင်းစုစေတီအတွင်းရှိ အင်ကြင်းပင်မှာ ဥသျှစ်သီးအရွယ်မှ အုန်းသီးကြီးအရွယ်အထိ အသီးများသီးနေရာ ပထမ ၃၂ လုံး အပြွတ်လိုက် စတင်သီးနေပြီး ကိုးကွယ်လိုသူများအား ဆွတ်ခူးပေးလိုက်သည်ဆို၏။ ယခုတစ်ကြိမ်လည်း ၃၆ လုံး သီးနေပြန်ရာ ၁၅ လုံး ဆွတ်ခူးပေးလိုက်ပြီး ကျန် ၂၁ လုံး မှာ အင်ကြင်းပင်တွင် ယခုထက်တိုင် အပြွတ်လိုက်၊ အတွဲလိုက် ထူးဆန်းစွာ သီးနေ၍**(ဓါတ်ပုံ)** ပြည်သူများ အထူးအဆန်းအဖြစ် လာရောက်ကြည့်ရှုနေကြသည်ကို တွေ့ရသည်။

ပေါခမ်းဓာတ်ပေါင်းစု စေတီတော်အတွင်းရှိအင်ကြင်းပင်မှ အင်ကြင်းသီးများ စတင်သီးသောနှစ်မှ စ၍ မြွေအမျိုးပေါင်းစုံ ဘုရားအတွင်းသို့ လာရောက်နေကြသည်ကို ထူးဆန်းစွာတွေ့ရသည်ဆို၏။ မြွေမျိုးစုံတွင် မြွေမင်းသားလည်း ပါဝင်သည်ဆို၏။မြွေအရွယ်စုံ အရောင်စုံများလာရောက်နေရာ တစ်နေ့တည်းတွင် မြွေအကောင် ၃၀ တစ်ပြိုင်တည်း လာရောက်၍ ဘုရားဖူးသည်ကို ထူးဆန်းစွာတွေ့ရကြောင်း သိရသည်။ ။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ ဂျပန်နိုင်ငံ၌ အမြဲတမ်းရုံး ဖွင့်လှစ်ဖွယ်

တိုကျို ဇန်နဝါရီ ၂၄

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ) သည် ဂျပန်နိုင်ငံ ဖူကူရှီးမားပြည်နယ်၌ အမြဲတမ်းရုံး တစ်ရုံးကို ဖွင့်လှစ်သွားဖွယ်ရှိကြောင်း ဂျပန်သတင်းဌာနများက ဇန်နဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖူကူရှီးမားပြည်နယ်သည် လွန်ခဲ့သည့်နှစ် မတ် ၁၁ ရက်က နျူကလီးယားဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသဖြစ်ပြီး ယင်းပြည်နယ်၌ ဆူနာမီရေလှိုင်းဒဏ်ကို ခံစားခဲ့ရသော ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ရှိသည်။

အိုင်အေအီးအေ၏ ရုံးတစ်ရုံးကို ဖူကူရှီးမားပြည်နယ်၌ ဖွင့်လှစ်သွားဖွယ်ရှိကြောင်း ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းတစ်ရပ်ဖြစ်သော အဆိုပါ အေဂျင်စီ၏ နျူကလီးယား စက်ရုံများ ဘေးအန္တရာယ်ကင်းရှင်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဂျိမ်းစ်အီးယွန်စကာက တိုကျိုတွင် ပြောကြားခဲ့သည်။

အိုင်အေအီးအေ ကိုယ်စားလှယ်အဖွဲ့သည် ဖူကွေးဒေသရှိ အိုဟီနျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ကွင်းဆင်း သွားရောက်ရန် စီစဉ်ထားသည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာလက နျူကလီးယားဘေး အန္တရာယ်လုံခြုံရေး အစီအစဉ်ကို အတည်ပြုခဲ့ပြီးနောက် အိုင်အေအီးအေကိုယ်စားလှယ်အဖွဲ့ လာရောက်ရန် ဂျပန်နိုင်ငံက ဖိတ်ခေါ်ခဲ့သည်။ ဂျပန်နိုင်ငံသည် ယင်းအစီအစဉ်တွင် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်သည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော အိုင်အေအီးအေ ကျွမ်းကျင်သူများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝေလငါးအကောင် ၄၀ ခန့်ကို ကယ်တင်ရန် နယူးဇီလန်ကယ်ဆယ်ရေးအဖွဲ့ကြိုးပမ်း

ဝယ်လင်တန် ဇန်နဝါရီ ၂၄

နယူးဇီလန်နိုင်ငံတောင်ကျွန်း၏ ပင်လယ်ကမ်းခြေ ဒေသသို့ ရေမျောကမ်းတင်ရောက်ရှိလာသော ဝေလငါး အကောင် ၁၀၀ခန့်အနက်အကောင်၄၀ခန့်ကို ကယ်တင်နိုင်ရန် ဝေလငါးကျွမ်းကျင်သူပညာရှင်များနှင့် စေတနာ့ဝန်ထမ်း လုပ်အားပေးများက ဇန်နဝါရီ ၂၄ ရက်တွင် ကြိုးပမ်းခဲ့ကြကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တောင်ကျွန်းရှိ ပဲဝဲစပစ်အမည်ရှိ သဲသောင်ပြင်၌ သောင်တင်ခဲ့သော ဝေလငါးများအနက် ၃၄ ကောင်မှာ သေဆုံးခဲ့ကြောင်း၊ အကောင် ၄၀ ခန့်မှာ ယခုအချိန်အထိ သောင်တင်နေဆဲဖြစ်ပြီး ကျန်ရှိသော ၁၇ ကောင်မှာ ဇန်နဝါရီ ၂၃ ရက်ညက ၎င်းတို့ဘာသာပင်လယ်အတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဝေလငါးများသည် ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခန့်က ကမ်းခြေသို့ရေမျောကမ်းတင် ရောက်ရှိလာခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီခွဲတွင် ဒီရေတက်ချိန်ရောက်ရှိသည့်အခါ ပင်လယ်အတွင်းသို့ ဝေလငါးများ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းနိုင်မည်ဟု မျှော်လင့်ရသည်။ ***ဆင်ဟွာ။***

ရုရှားငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ဆူဒန်မှ ပြန်လည်ရုပ်သိမ်းမည်

မော်စကို ဇန်နဝါရီ ၂၄

ဆူဒန်နိုင်ငံ၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းကို အဆုံးသတ်ရန် ကုလသမဂ္ဂက ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပြီးနောက် ရုရှားငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် သမ္မတ ဒီမီထရီမက်ဗီဒက်က ညွှန်ကြားလိုက်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံမှ ရုရှားတပ်ဖွဲ့ဝင်များကို ဧပြီ ၁ ရက် နောက်ဆုံးထား၍ အပြီးရုပ်သိမ်းမည်ဖြစ်သည်။

ဆူဒန်နိုင်ငံ၌ ယခုလောလောဆယ် ရုရှားတပ်ဖွဲ့ဝင် ၁၂၀ ရှိပြီး စစ်ရဟတ်ယာဉ်ရှစ်စင်းရှိသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များသည် ဆူဒန်နိုင်ငံ၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှု အထူးလုပ်ငန်းတာဝန်ကို ခြောက်နှစ်ကြာ ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ ***ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်တွင် မူးယစ်ဆေးဝါးတန်ချိန် ၃၀၀ ကျော် သိမ်းဆည်းရမိ

ကဘူး ဇန်နဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်အတွင်း အာဖဂန် တပ်ဖွဲ့ဝင်များနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ နေတိုး ဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တို့၏ ပူးတွဲစစ်ဆင်ရေးများပြုလုပ်ခဲ့ရာတွင် မူးယစ်ဆေးဝါးတန်ချိန် ၃၀၀ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၄ရက်တွင် ပြောကြားသည်။

ထူးထူးကဲကဲ ဖမ်းဆီးရမိ

၂၀၁၁ခုနှစ်သည် အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါးများကို ထူးထူးကဲကဲဖမ်းဆီးရမိခဲ့သော နှစ်တစ်နှစ်ဖြစ်ကြောင်း အိုင်အက်စ်အေအက်ဖ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ကာစတန် ဂျာကိုဆင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများအတွင်း ဆေးခြောက် ၆၁၁၆၈ ကီလို၊ ဘိန်းဖြူ ၈၈၂၃ကီလို၊ ဘိန်းစိမ်း ၉၇၉၇၅ကီလိုနှင့် သန့်စင်ပြီး ဘိန်း ၁၄၈၈၇၅ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဘိန်းစေ့ ကီလို၁၆၀၅၀၀ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်း ရမိခဲ့သည်။

ထောက်ပံ့

အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးနေသော နိုင်ငံအဖြစ် ဆက်လက် ရပ်တည်နေဆဲဖြစ်သည်။ ***ဆင်ဟွာ။***

အနာဂတ်(၁၀)နှစ်အတွင်း အလုပ်အကိုင် သန်း ၆၀၀ ခန့်လိုမည်ဟု အိုင်အယ်လ်အိုပြောကြား

နယူးယောက် ဇန်နဝါရီ ၂၄

နောင်လာမည့် ဆယ်စုနှစ်ကာလအတွင်း တစ်ကမ္ဘာလုံးတွင် အလုပ်အကိုင် အခွင့်အလမ်းပေါင်း အနည်းဆုံး သန်း ၆၀၀ ထူထောင်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြား၍ ဖွံ့ဖြိုးတိုးတက်မှုမရှိသည့် ကမ္ဘာ့အလုပ်သမားဈေးကွက်ကို နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို)က သတိပေးလိုက်ကြောင်း အင်္ဂါနေ့ ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အစိုးရက အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်ငြားလည်း အလုပ်အကိုင်ရှားပါးခြင်း ပြဿနာသည် လျော့ပါးသွားသည် မရှိကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်သမားသုံးဦးလျှင် တစ်ဦးသို့မဟုတ် ခန့်မှန်းခြေ အလုပ်သမားဦးရေ ၁ ဒသမ ၁ဘီလီယံသည် အလုပ်လက်မဲ့ သို့မဟုတ် ဆင်းရဲတွင်းနက်နေကြောင်း အိုင်အယ်လ်အို၏ ၂၀၁၂ခုနှစ် ကမ္ဘာ့အလုပ်လက်မဲ့ အလားအလာ အစီရင်ခံစာတွင် ညွှန်ကြားရေးမှူးချုပ် ဂွါန်ဆိုမာဗီးယားက တင်ပြထားသည်။

၎င်းတို့၏သုံးသပ်ချက်တွင် ယမန်နှစ်ကနှင့် နှိုင်းသော် ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း၊ အလုပ်လက်မဲ့နှုန်း တိုးတက်မှု လျော့ပါးသွားဖွယ်ရာရှိကြောင်း ဆိုမာဗီးယားက ပြောသည်။

အလုပ်အကိုင်သစ်များ ဖန်တီးပေးရေးလမ်းကြောင်း ဖြောင့်ဖြူးစေရန် ရေရာသေချာမှုမရှိသော စီးပွားရေးများကို ချက်ချင်းဖယ်ရှားပစ်ရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များကို ၎င်းက တိုက်တွန်းသည်။

အလုပ်လက်မဲ့ပြဿနာ၏ ထိခိုက်မှုကို လူငယ်များက အများဆုံးခံစားကြရကြောင်း၊ အလုပ်အကိုင်ဆုံးရှုံးကြသူများတွင် လူကြီးများထက်လူငယ်များက ပိုကြောင်း၊ သုံးဆနီးပါးရှိကြောင်း၊ လူငယ်အလုပ်လက်မဲ့နှုန်းသည် ၁၂ဒသမ ၇ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဤအလုပ်လက်မဲ့ပြဿနာမှ ကျော်လွန်လွတ်မြောက်ခြင်း ရှိ၊ မရှိသည် အခြေခံအားဖြင့် အစိုးရအဖွဲ့များ၏ မူဝါဒများပေါ်တွင် တည်မည်ဟုအစီရင်ခံစာက ဆိုသည်။ ***အင်တာနက်။***

စပိန်နိုင်ငံ ပန်ပလိုမာတွင် အလုပ်ကြော်ငြာတစ်ခုနှင့် အလုပ်ရှာဖွေသူများအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အမျိုးသားတစ်ဦးသေဆုံး

ပေကျင်း ဇန်နဝါရီ ၂၄

တရုတ်နိုင်ငံကွေကျိုပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ခံစားနေရသူအမျိုးသားတစ်ဦး သုံးရက်ကြာ ဆေးကုသမှုခံယူအပြီး ဇန်နဝါရီ ၂၂ ရက်က သေဆုံးသွားကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။ ကွေ့ယန်းမြို့ ဆေးရုံတွင် သေဆုံးသွားခဲ့သော အသက် (၃၉)နှစ်အရွယ် အမျိုးသားသည် ကြက်ငှက်တုပ်ကွေးရောဂါကို ဇန်နဝါရီ ၆ ရက်က စတင်ခံစားခဲ့ရကြောင်း သိရသည်။

၎င်းအမျိုးသားမှာ $H_5 N_1$ အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာနက အတည်ပြုကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ရောဂါကူးစက်မှုမရှိ

၎င်းအမျိုးသားသည် အခြားသောလူပုဂ္ဂိုလ် ၇၁ ဦးနှင့် အနီးကပ်ဆက်ဆံမှုရှိခဲ့ပြီး ၎င်းတို့အနက် မည်သူတစ်ဦးမျှ ရောဂါ ကူးစက်မှုမရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ သို့ရာတွင် ၎င်းအမျိုးသားသည် မည်သို့မည်ပုံ ရောဂါကူးစက်မှုခံခဲ့ရသည်ကို ဖော်ပြထားခြင်းမရှိပေ။ ***ဆင်ဟွာ။***

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို ယခင်နှစ်များထက်ပိုပြီး စည်ကားသိုက်မြိုက်ရန်၊ ထူးခြားဆန်းသစ်ရန် ဆောင်ရွက်မည်

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ယခင်နှစ်များကထက်ပိုပြီး စည်ကားသိုက်မြိုက်စေရန်၊ ထူးခြားဆန်းသစ်စေရန် စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်ရှိစေရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း စည်းကမ်းတကျရှိစေရန်လိုအပ်ကြောင်း၊ စည်းကမ်းလျော့ရဲမှုကြောင့် အခြားသူများ၏ ပျော်ရွှင်လွတ်လပ်မှုကို မထိခိုက်စေရအောင် စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားသို့ ရုပ်ရှင်လောကသားများသာမက နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့် ရုပ်ရှင်ချစ်ပြည်သူများ တက်ရောက်နိုင်အောင် ဝင်ခွင့်လက်မှတ်များ ကြိုတင်ဖြန့်ချိပေးမည်ဖြစ်ရာ ၎င်းဝင်ခွင့်လက်မှတ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းက စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားသည် တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးက စိတ်ဝင်စားကြသည့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျ သပ်ရပ်လှပဆန်းသစ်မှုရှိစေရန်နှင့် လုံခြုံမှုရှိစေရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူဘဲ တိုးတက်လာနေသည့် IT နည်းပညာများဖြင့် ပေါင်းစပ်ပြီး ထူးခြားဆန်းသစ်သည့် အစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ရာ တာဝန်ရှိသူအားလုံးက အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ယင်းနောက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က လည်းကောင်း၊ ၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် IT နည်းပညာရပ်များ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်မည့် အစီအစဉ်များကို Forever Company Limited မှ ဥက္ကဋ္ဌ ဦးဝင်းမော်က လည်းကောင်း၊ အခမ်းအနားလုံခြုံရေး အစီအစဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက လည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပြန်/ဆက် စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်း

မန္တလေး ဇန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြမန္တလာဟိုတယ် စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ သတင်းစာ၊ ဂျာနယ်များမှ စာတည်းများ၊ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြမန္တလာဟိုတယ် မန်နေဂျင်းဒါရိုက်တာ ဦးသက်အောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး "ကကြိုးတို့၏ မာယာ" စာအုပ်ရေးသားသူ ဒေါ်မမနိုင် (မန္တလေးရုပ်သေး) နှင့်၊ "အဟုတ်ဂုဏ်နဲ့. . ." စာအုပ်ရေးသားသူ ဦးအောင်တင်ဝင်း (ငါ့သရောက်) တို့က စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ငွေကျပ် လေးသိန်းတန်ဖိုးရှိ စာအုပ်များ လှူဒါန်းရာ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးမှူး ဒေါ်သန်းသန်းဝေက လက်ခံရယူပြီး **(အောက်ပုံ)** ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမှူး ဦးဘိုဘိုဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ရန်ကုန်မြို့၌ ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၂၄

ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ အဋ္ဌာရသမအကြိမ်မြောက် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကို ၁၃၇၃ ခုနှစ် တပို့တွဲလဆန်း ၈ ရက်မှ ၁၀ ရက် (ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်) အထိ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရဆေးကိန္နာရာမကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ရွှေကျင်သံဃာတော်အပါး ၁၀၀၀ တို့အား ပင့်လျှောက်လွှာများ ဆက်ကပ်ပေးပို့ထားပြီး ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ ပင့်လျှောက်လွှာဆက်ကပ်ထားသော ဆရာတော်ကြီးများအား မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်ကျောင်းတိုက်နှင့် စစ်ကိုင်းမြို့ အနီးဝန်းကျင်ဒေသများမှ ဆရာတော်များအား စစ်ကိုင်းတောင်ရိုး သောတာပန်ရပ် တောင်ရိုးဆေးခန်းရှေ့မှ တပို့တွဲလဆန်း ၆ ရက် (ဇန်နဝါရီ ၂၉ ရက်) ည ၈ နာရီတွင် လည်းကောင်း၊ မုံရွာမြို့ အနီးဝန်းကျင်ဒေသများမှ ဆရာတော်များအား ရွှေသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဗိုလ်ချုပ်လမ်း အေးသာယာရပ် မုံရွာမြို့မှ ယင်းနေ့ညနေ ၆ နာရီတွင်လည်းကောင်း မော်တော်ယာဉ်များဖြင့် ဓမ္မဒူတဝေယျာဝစ္စအဖွဲ့မှ ပင့်ဆောင်မည်ဖြစ်သည်။

မန္တလေးမြို့မှ ကြွရောက်မည့် ဆရာတော်များအနေဖြင့် မဟာဝိသုဒ္ဓါရုံ တိုက်သစ် ရတနာပုံဆရာတော် ဖုန်း-၀၉-၂၀၂၄၃၀၆၊ ဉူးဝိစက္ခဏ(ဝါဆိုကျောင်း) ဖုန်း-၀၉-၂၀၂၉၉၇၄၊ ဓမ္မဒူတဦးတူး ဖုန်း-၀၉-၂၀၀၃၇၅၁၊ ဓမ္မဒူတ ကိုဝင်းဦး ဖုန်း-၀၉-၂၀၂၄၆၈၇၊ ဓမ္မဒူတ ကိုပေါက် ဖုန်း-၀၉-၂၀၁၈၉၉၇ တို့သို့ လည်းကောင်း၊ မုံရွာမြို့မှ ကြွရောက်မည့် ဆရာတော်များအနေဖြင့် ရွှေသိမ်တော်ကြီးစာသင်တိုက် ဆရာတော် ဖုန်း-၀၉-၅၆၆၁၈၆၉၊ ဒေါ်မဋ္ဌူ ဖုန်း-၀၉-၂၁၃၀၇၈၃ တို့သို့ လည်းကောင်း၊ စစ်ကိုင်းမြို့မှ ကြွရောက်မည့် ဆရာတော်များအနေဖြင့် ကိုအောင်မင်း ဖုန်း-၀၉-၆၈၁၃၉၉၈၁ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။

အဆိုပါ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးသို့ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် သက်တော်ရှည် ဝါဆိုဆရာတော်ကြီး အမှူးပြုသော ပြည်တွင်းပြည်ပမှ ရွှေကျင်နိကာယဝင် သံဃာတော်အပါး ၁၀၀၀ တို့အား ပင့်ဖိတ်ထားကြောင်း သိရသည်။

(ညွန့်ဇော်-မန္တလေးကိုယ်ပွား)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ မိုးထက်ယံလင်း မီဒီယာမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဆွမ်းတစ်နေ့တာ အလှူငွေနှင့် ပုလဲမြို့သစ် ဆေးပေးခန်းအတွက် အလှူငွေကျပ် ၁၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ရာသီဥတု အေးမြနေသော်လည်း ချောင်းသာကမ်းခြေ အပန်းဖြေသူများနှင့် စည်ကားနေ

ဇန်နဝါရီလ ဒုတိယပတ်ခန့်မှစ၍ အေးမြသော ရာသီဥတုကို ခံစားနေကြရသော်လည်း စနေ၊ တနင်္ဂနွေ ပိတ်ရက်များတွင် ချောင်းသာကမ်းခြေ၌ အပန်းဖြေသူများနှင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ လျော့နည်းခဲ့ပြီး အေးမြသော ရာသီဥတုကို ခံစားခဲ့ကြရသည်။ ယင်းသို့ အအေးလွန်ကဲသည့် ဖြစ်စဉ်ကို ဖေဖော်ဝါရီလကုန်အထိ ခံစားရမည်ဖြစ်ကြောင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများ ပိုမိုခံစားကြရမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် အအေးလွန်ကဲနေမှု၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် သာမန်ထက် လေတိုက်နှုန်းများ ပိုနေသောကြောင့် ဒေသခံတို့ စိုးရိမ်နေကြသော်လည်း မုန်တိုင်းအန္တရာယ်များ မရှိကြောင်းနှင့် စိုးရိမ်ဖွယ်အခြေအနေ မဟုတ်ကြောင်း သိရသည်။ အအေးလွန်ကဲနေသော်လည်း ပင်လယ်ကမ်းခြေဒေသတွင် အပန်းဖြေအနားယူသူများနှင့် စည်ကားနေဆဲဖြစ်ကြောင်း ချောင်းသာကမ်းခြေဟိုတယ်များမှ သိရသည်။ ပြည်တွင်းခရီးသွားများ အများဆုံးလာရောက်အပန်းဖြေရာနေရာဖြစ်သော ချောင်းသာကမ်းခြေတွင် စနေ၊ တနင်္ဂနွေနေ့များနှင့် ပိတ်ရက်များတွင် အပန်းဖြေလာရောက်သူများဖြင့် စည်ကားနေပြီး ရန်ကုန်မြို့မှ နေ့ချင်းပြန် သွားရောက်လည်ပတ်မှုများလည်းရှိသည်ဟု သိရသည်။

"လေတွေတိုက်ပြီးအေးနေတော့ ရာသီဥတုအပေါ် စိတ်ဝင်စားမှုများနေတယ်။ ဘာကြောင့်လဲပေါ့။ ဧည့်သည်တွေကတော့ လျော့သွားတာမရှိသလို၊ ပိတ်ရက်တွေမှာ ဝင်လာနေတာပါပဲ။ လေတိုက်ပြီး အေးနေတော့ ရေထဲ သိပ်မဆင်းနိုင်ကြဘူးပေါ့။ ဒါပေမယ့် ကမ်းခြေမှာ အပန်းလာဖြေကြတော့ အေးအေးဆေးဆေး အနားယူစားသောက်ပြီး သာမန်အတိုင်းပဲ သွားလာလည်ပတ်နေကြတာပါပဲ" ဟု မက်စ်ဟိုတယ်မှ ဝန်ထမ်းတစ်ဦးက ပြောပြသည်။

နေထိုင်စားသောက်မှု လွယ်ကူခြင်း၊ ဈေးနှုန်းသင့်တင့်ခြင်းတို့ကြောင့် ချောင်းသာကမ်းခြေသည် ပြည်တွင်းခရီးသွား အများအပြား လာရောက်အပန်းဖြေရာ ကမ်းခြေတစ်ခုဖြစ်ပြီး ငွေဆောင်ကမ်းခြေမှာမူ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ သွားလာမှု များပြားသည်။

ချောင်းသာကမ်းခြေတွင် လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။

လက်ရှိကာလတွင် ဖြစ်ပေါ်နေသော အအေးလွန်ကဲမှုဖြစ်စဉ်သည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာဖြစ်ပြီး နှစ်ပတ်လျှင် တစ်ကြိမ် အအေးလွန်ကဲမှုဖြစ်စဉ်ကို ကြုံတွေ့ခံစားရနိုင်သည်ဟု သိရသည်။ အိန္ဒိယဘက်မှ ဝင်ရောက်လာသော လေအေးများသည် မြန်မာနိုင်ငံအနီး ပင်လယ်ဘက်မှ အပူလျော့၍ ဝင်ရောက်လာခြင်းဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် ထူးထူးကဲကဲ အအေးဓာတ်ခံစားနေရခြင်း ဖြစ်သည်ဟု သိရသည်။ ဇန်နဝါရီ ၁၃ ရက်မှ စတင်ဖြစ်ပေါ်ခဲ့သော အအေးလွန်ကဲမှုဖြစ်စဉ်သည် ဇန်နဝါရီ ၁၈ ရက်အထိ ခံစားခဲ့ရပြီး အအေးပြန်လျော့ကာ ဇန်နဝါရီ ၂၇၊ ၂၈ ရက်များတွင် အအေးလွန်ကဲမှုဖြစ်စဉ် ပြန်လည်ခံစားရနိုင်သည်ဟုသိရသည်။ အိန္ဒိယဘက်မှ လေအေးများ ဝင်ရောက်ခဲ့မှုကြောင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများနှင့် ဒေသတော်တော်များများတွင် ညအပူချိန်များ လျော့နည်းကာ သိသိသာသာ အအေးပိုခဲ့ကြောင်း သိရသည်။ (၀၀၁)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား UNODC မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၏ ဌာနေကိုယ်စားလှယ် Mr.Gary Lewis သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် UNODC အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)ရုံး ကိုယ်စားလှယ် Mr. Georges Paclisanu လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၏ ဌာနေ ကိုယ်စားလှယ် Mr.Gary Lewis လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)ရုံး ကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)ရုံးကိုယ်စားလှယ် Mr. Georges Paclisanu သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)နှင့် မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်နေသော ခြေတု၊ လက်တုလုပ်ငန်းများ၊ ရေနှင့် မိလ္လာသန့်စင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် နောင်တွင် ပူးပေါင်းဆောင်ရွက်နိုင်သော အခန်းကဏ္ဍများကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၂၅ ၂။ "မြေကမ္ဘာမှတ်တမ်း"
- ၈:၄၀ ၃။ International News
- ၈:၄၅ ၄။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၁၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၅ ၄။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၅။ "ဘူမိအပူသုံးစွမ်းအင်များ" (အပိုင်း-၁)
- ၇:၁၅ ၆။ "လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်"
- ၇:၄၀ ၇။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၄၅ ၈။ စန္ဒရားကွန်းဇော်၏ တေးဂီတ တင်ဆက်မှုအစီအစဉ် (အပိုင်း-၅)
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၇)
- ၁၄။ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာ အထက်တန်းအဆင့်)
- ၁၅။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က ကမာရွတ်မြို့နယ် ကျွန်းတောလမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကျွန်းတောလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန်တို့ထံ လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ယင်းနောက် Junction Square ခန်းမတွင် ပြသထားသည့် လမ်းဖောက်လုပ်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ Junction Square အဆောက်အအုံ ပုံစံငယ်များနှင့်Junction Cineplex ရုပ်ရှင်ရုံ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုသည်။

ယနေ့ ဖွင့်လှစ်သည့် ကျွန်းတောလမ်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းခဲ့ပြီး အကျယ် ၄၄ ပေ၊ အရှည် ပေ ၂၂၀၀ ရှိ ကွန်ကရစ်လမ်းနှင့် အကျယ် ၄၄ ပေ၊ အရှည်ပေ ၂၂၀ ရှိ နိုင်လွန်ကတ္တရာလမ်းဖြစ်ကာ ငွေကျပ် ၂၀၃၅ သိန်း ကုန်ကျခဲ့ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့ကို ဆက်သွယ်သည့် ငမိုးရိပ်တံတား(ပါရမီ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ငမိုးရိပ်တံတား(ပါရမီ)ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၂ခုနှစ် ဇွန်လတွင် ပြီးစီးမည်ဖြစ်ကြောင်းနှင့် တံတားကြီးပြီးစီးပါက တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အရှေ့ပိုင်း)မြို့နယ်တို့ ဆက်သွယ်မှု လွယ်ကူလျင်မြန်လာမည်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလက(၆)အင်းစိန်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ သင်ကြားရေးအထောက်အကူပြု ကွန်ပျူတာတစ်စုံကို မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ထွေးက လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတီးမှ လက်ခံစဉ်။

(ကြေးမုံ)

တယ်လီဗွီးရှင်းဓာတ်မှန်ဝယ်ယူရန် မြောင်းမြဆေးရုံသို့ အလှူငွေများလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၄

မြောင်းမြမြို့ ပြည်သူ့ဆေးရုံ၌ တယ်လီဗွီးရှင်းဓာတ်မှန်စက်ဝယ်ယူရန် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် မြောင်းမြမြို့ သံဃာ့ဆေးရုံ ကုသဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အလှူရှင် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာ ဦးဖြိုးကိုကိုတင့်ဆန်းကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက အလှူငွေ ကျပ်သိန်း ၁၀၀ ကို ပေးအပ်ရာ မြောင်းမြပြည်သူ့ဆေးရုံ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအောင်ငွေစံက လက်ခံသည်။

အဆိုပါ တယ်လီဗွီးရှင်းဓာတ်မှန်ကို အမြန်ဆုံးတပ်ဆင်၍ မြောင်းမြပြည်သူ့ဆေးရုံကြီး၌ ကုသဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ယောနယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သတ္တာဒေဝမနုဿာနံ ယောနယ်အသင်းဓမ္မာရုံ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များနှင့် ပညာရည်ချွန်ဆုချီးမြှင့်ရာတွင် ပါဝင်လှူဒါန်းကုသိုလ်ပြုကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား နီပေါနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H. E. Ms. Guna Laxmi Sharma သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ဘာသာရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ ဗုဒ္ဓဖွားမြင်တော်မူရာလုမ္ဗိနီသို့ ဘုရားဖူးများသွားရောက်ရာတွင် သွားလာနေထိုင်မှု အဆင်ပြေချောမွေ့စေရေးနှင့် မတ်လတွင် လုမ္ဗိနီ၌ကျင်းပမည့် ဗုဒ္ဓဘာသာညီလာခံကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(ဝဲပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့ မြန်အောင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြို့နယ်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် အောင်ဇေယျခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် အလှူရှင်များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားကြသည်။ ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးမောင်ကျေးက မီးသတ်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအစီအစဉ်အရ ဆောက်လုပ်လှူဒါန်းသည့် အိုင်ကလော ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို PTTEPI ကုမ္ပဏီဌာနေ အထွေထွေမန်နေဂျာ Mr. Kanok က ဒုတိယဝန်ကြီး ဦးဘရွှေထံ ပေးအပ်သည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အကျယ်ပေ ၃၀ နှင့် အလျား ၁၂၅ ပေရှိပြီး လေးခန်းတွဲရေအိမ်နှင့် ကျောင်းသုံးပရိဘောဂများအားလုံးအပါအဝင် ငွေကျပ် သိန်း ၆၀၀ ကျော် ကုန်ကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် ငပိဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ကျောက်စရစ်ကုန်းကျေးရွာနှင့် ယင်းတိုက်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအဝင် ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ငပိဆိပ်ကျေးရွာ စာတိုက်နှင့် ဆက်သွယ်ရေး အဆောက်အအုံ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ယင်းတိုက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကြမ်းခင်းပြင်ဆင်ရန်နှင့် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက်လည်းကောင်း အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေကျင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆေးရုံဖြစ်မြောက်ရေးကော်မတီက ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ ဓာတ်မှန်ဆောင်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင် UNOG ကုမ္ပဏီ အထွေထွေမန်နေဂျာ ဒေါ်သဇင်အောင်ကလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသစ်ပြန်လည် တည်ဆောက်မည့် ရိုက်ကျေးရွာ ရဲနီချောင်းကူးတံတားကိုလည်းကောင်း၊ ဇလုတ်မကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ စာစစ်ဌာနဖွင့်ပွဲကိုလည်းကောင်း တက်ရောက်ခဲ့ကြပြီး သခွပ်ကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာဘုန်းကြီးကျောင်းများအတွက် Solar မီးအိမ်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့ မြန်အောင်မြို့ မြို့နယ်မီးသတ်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် မီးသတ်ယာဉ်အား ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးအား အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးအား အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Thomas Countryman ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာ့ဂေါက်သီးအားကစားသမားများ အောင်နိုင်ရေးအတွက် လက်ရည်စစ်အကြိုပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club၌ စတင်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင်များ၊ ဂေါက်သီးအားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီးတွင် နေဇလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

၎င်းဦးဆောင်ကစားလျက်ရှိသူ နောက်မှ နိုင်ရဲလင်းက ၇၁ ချက်၊ မင်းနိုင်က ၇၁ ချက်၊ မျိုးဝင်းအောင်က ၇၁ ချက်၊ လှမျိုးက ၇၂ ချက်၊ အောင်ဆန်းဝင်းက ၇၂ ချက်၊ ဇော်ဇော်လတ်က ၇၃ ချက်၊ ဇော်ဇင်ဝင်းက ၇၄ ချက်၊ ရန်မျိုးအေးက ၇၄ ချက်၊ စိုးမိုးဝင်းက ၇၄ ချက်၊ ဘိုဘိုက ၇၄ ချက်၊ သိန်းဇော်မြင့်က ၇၄ ချက်၊ စိုးကျော်နိုင်က ၇၅ ချက်၊ ရဲထက်အောင်က ၇၆ ချက်၊ မြင့်ရွှေက ၇၆ ချက်၊ နိုင်နိုင်လင်းက ၇၆ ချက်၊ ယဉ်အောင်လတ်က ၇၆ ချက်၊ အောင်ဝင်းက ၇၆ ချက်၊ မောင်မောင်ဦးက ၇၇ ချက်၊ ရန်နိုင်ဖြိုးက ၇၈ ချက်တို့ အသီးသီး ရရှိထားကြသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပမည် ဖြစ်သည်။

ယခုပြိုင်ပွဲ၌ ပထမရရှိသော ဂေါက်သီးရိုက်အားကစားသမားမှာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော ငွေကျပ် သိန်း ၂၀ ကို ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီတွင် အထက(ပလောက်)ကျောင်းဝင်းမြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထန်ဘိက အဖွင့်အမှာစကား ပြောကြားပြီး အထက(ပလောက်) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယုက စုံညီပွဲတော် ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားကာ ဆုရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပညာရေးစုံညီပွဲတော်နှင့် ဘင်ခရာသင်တန်းဆင်းပွဲ ကျင်းပ

အင်းတော် ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ဘင်ခရာသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း သရဖီခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ဆက်လက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး၊ မြို့နယ်အဆင့်ပြိုင်ပွဲများနှင့် ဘာသာရပ်ဆိုင်ရာ ထူးချွန်ဆုရအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဖွံ့ဖြိုးရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များ၊ ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာသင်တန်းအတွက် သင်တန်းနည်းပြချုပ်၊ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(ကြေးမုံ)

☆ ကျောဖုံးမှ

ထားဝယ်မြစ်ကြောင်း ရှင်းလင်းရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တနင်္သာရီတိုင်းဒေသကြီး၏ ပထဝီအနေအထား၊ ရေမြေသယံဇာတအရသတ္တုနှင့် ရေလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခွင့်အလမ်းများ ရရှိထားမှု၊ နယ်စပ်ဒေသ တံခါးပေါက်များ၊ ဆိပ်ကမ်းများ ပိုင်ဆိုင်ထားရာ ရှိရင်းသယံဇာတများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော မိမိတို့နိုင်ငံသားများလည်း ကိုယ့်နိုင်ငံအတွင်း ပြန်လည်အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု (Sanction) ကြောင့် ပြည်တွင်းစက်ရုံအလုပ်ရုံများ ပိတ်သိမ်းခဲ့ရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာမှုကြောင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာ၍ အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်ခဲ့ကြရလည်း ရှိနေပြီဖြစ်၍ တစ်ဖက်က ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်ရင်း တစ်ဖက်က နိုင်ငံတော်သမ္မတ၏ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်စေရန် အလေးထား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအပိုင်းကလည်း ကောင်းမွန်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး ဆောင်ရွက်ပြီး ဟန်ချက်ညီညီပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသည့် အင်တာနက်၊ တီဗွီနှင့် မာလ်တီမီဒီယာများ ချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ဥက္ကဋ္ဌကိုယ်စား ကိုယ်စားလှယ် ဦးဝင်းမြင့်က ထားဝယ်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာအောင်နိုင်မြင့်၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်ခင်အေးသန်းနှင့် ထားဝယ်ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးကျင်မောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးထွန်းရီနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဦးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Language Lab၊ Learning Centre၊ Computer Room၊ Chemistry Laboratory နှင့် Physics

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ အမှတ်(၁) အခြေခံ ပညာ အ ထက် တန်း ကျောင်း ရှိ Language Lab ၌ ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဘဏ်လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာမူဝါဒများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် သမဝါယမဝန်ကြီးဌာန၏ ဆောင်ရွက်နေမှု အခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဒေသတွင်း ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိစွာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဒေသတွင်း လျှပ်စစ်ကဏ္ဍတိုးတက် သုံးစွဲနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်မှုနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မင်းက လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသတာဝန်ရှိသူများနှင့် ဒေသခံရပ်မိရပ်ဖများ၏ တင်ပြချက်များ ဖြစ်သည့် ကျောင်းများအဆင့်တိုးမြှင့်ရေးကိစ္စများ၊ ထားဝယ်အထူးစီးပွားရေးဇုန်လျှပ်စစ်မီးရရှိရေးနှင့် ထားဝယ်မြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်များ၊ အညာဖျားရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများ၊ ရေဖြူ ထားဝယ်မြစ်ကူးတံတား တည်ဆောက်ရေးစသည့် ဒေသလိုအပ်ချက်များကို ဆက်လက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး လုပ်ငန်းများတွင် ဒေသခံလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နိုင်အောင် ယမန်နေ့က ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးသည့်အခြေအနေများ၊ ဆက်သွယ်ရေးအတွက် လာမည့်ငါးနှစ်စီမံကိန်းတွင် ဒေသအလိုက် စီမံချက်များ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၏ ဒေသဆိုင်ရာ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းဧကငါးသိန်း စိုက်ပျိုးရန် ရည်မှန်းချက်ပေးထားရာ လက်ရှိ ဧကသုံးသိန်းကျော်စိုက်ပျိုးပြီးဖြစ်သည့်အတွက် ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားရန်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ ဒေသဝမ်းစာဖူလုံရေး၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း ပါဝင်သော ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းပြီးစီးပါက ထားဝယ်ဒေသသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်၍

အင်တာနက်၊ တီဗွီနှင့် မာလ်တီမီဒီယာများ ချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ထားဝယ်နည်းပညာတက္ကသိုလ်၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ်နှင့် ထားဝယ်ပညာရေးကောလိပ်တို့အတွက် ရွှေသံလွင်ကုမ္ပဏီက ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ အမှတ်(၁)အ ကျောင်းခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကြောင်း၊ အလုပ်အကိုင်ရရှိအောင် ကြိုးစားရင်း မသမာသူများ၏ လူကုန်ကူးမှုများကို ခံခဲ့ကြရကြောင်း။

ထိုသို့သော အခြေအနေများကို နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာ နိုင်ငံများနှင့် ညှိနှိုင်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာသံရုံးတို့ ပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်လျာထားပေးခဲ့သကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေလျာထားပေးခဲ့ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းဆောင်ရွက်မှုများ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ရန် ပညာရေးအဝန်းအဝိုင်း၊ ကျန်းမာရေးအဝန်းအဝိုင်းများ ထူထောင်ဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီး(၃)ရပ်သည် အပြန်အလှန်ထိန်းကျောင်း၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများကို ရရှိနေပြီဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အနီးကပ်ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀	“မယ်ပဋ္ဌာအကြောင်းဥပမာပြ” ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်တရားတော်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၉၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၅၀)**
၈း၄၅	The Shop Around The Corner (Part-7)
၁၀း၁၅	စာပေမြတ်နိုးသူများအတွက် TAB BOOK CENTRE
၁၀း၃၅	ရန်ကုန်မြင်ကွင်းကျယ်
၁၀း၅၅	ဟိုတယ်လမ်းညွှန်
၁၁း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၃၅)**
၂း၀၀	MRTV-4 သတင်း
၂း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၃း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၉၇)**
၄း၄၅	ရန်ကုန်မြင်ကွင်းကျယ်
၄း၅၅	National Expo Exhibition & Car Show
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၁၅	သင်ကြားရေးလမ်းညွှန်
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၉၈)**
၇း၃၅	Cartoon Show Time
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဥရောပဂန္ထဝင် တေးသွားဂီတ မိတ်ဆက်ပွဲ (အပိုင်း-၃)
၈း၄၅	၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံ
၉း၀၅	Celebrity Style
၉း၂၀	The Shop Around The Corner (Part-8)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ”**

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသည့် အင်တာနက်၊ တီဗွီနှင့် မာလ်တီမီဒီယာများ ချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ဥက္ကဋ္ဌကိုယ်စား ကိုယ်စားလှယ် ဦးဝင်းမြင့်က ထားဝယ်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာအောင်နိုင်မြင့်၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်ခင်အေးသန်းနှင့် ထားဝယ်ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးကျင်မောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ တိုင်းဒေသကြီးပညာရေးမှူး ဦးထွန်းရီနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဦးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Language Lab၊ Learning Centre၊ Computer Room၊ Chemistry Laboratory နှင့် Physics Laboratory တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား တွေ့ဆုံ၍ ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်ချက်မြင့်မားရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ထားဝယ်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာအောင်နိုင်မြင့်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နည်းပညာတက္ကသိုလ်၏ သင်ကြားစီမံရေးဆိုင်ရာများကို မေးမြန်းပြီး သင်ထောက်ကူပစ္စည်းများ အပြည့်အဝရရှိရေးနှင့် ထိရောက်အောင်သင်ကြားရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြိတ်မြို့ ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❑ နိုင်ငံတော်သမ္မတမှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဒေသတွင်း လျှပ်စစ်ကဏ္ဍ ပိုမိုအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တိုင်းဒေသကြီးအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ပိုင်ဆိုင်ထားမှု၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမားများကို တိုင်းဒေသကြီးမှ မွေးထုတ်ပေးနိုင်သည့် အခြေအနေကောင်းများ ရရှိထားမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က နိုင်ငံတစ်ဝန်းနှင့် ဒေသအတွင်း ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က တိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက ပြည်သူ့လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတက ယနေ့ မိမိသည် တနင်္သာရီတိုင်းဒေသကြီး၏ အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ကိုယ်စား လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားပြီး မြိတ်ခရိုင်မှ တင်ပြသည့် ကျောင်းများ အဆင့်မြှင့်တင်ရေးကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အား ရရှိရေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့ပြင် တနင်္သာရီမြို့နယ်၊ ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ပလောက်မြို့နယ်ခွဲတို့အတွက် တင်ပြသည့် မီးသတ်ယာဉ်တစ်စီး ရရှိရေး၊ တံတားများ တည်ဆောက်ရေး၊ ဆေးရုံအဆင့်မြှင့်တင်ရေးနှင့် ငါးလေလံဈေးကိစ္စ တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး၌ ဒေသဝမ်းစာဖူလုံမှု မရှိသေးသဖြင့် ပန်းတိုင်အတွက်နှုန်းတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ မြိတ်ခရိုင်၏ အခြေခံပညာမူလတန်းအဆင့် ဆရာနှင့် ကျောင်းသားအချိုး ညီမျှအောင် စီမံဆောင်ရွက်ကြရန်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း ကောင်းမွန်သဖြင့် ဆက်လက်ကြိုးပမ်းထိန်းသိမ်းသွားရန်လိုကြောင်း။

ဤဒေသသည် ရေလုပ်ငန်းအောင်မြင်သည့် ဒေသဖြစ်၍ ရေလုပ်ငန်း ပိုမိုတိုးတက်လာစေရေးကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ရရှိခဲ့ကြောင်း၊ စုစည်းညီညွတ်မှု အဆင့်တစ်ခုသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယနေ့ အချိန်တွင် နိုင်ငံတော်သမ္မတဦးဆောင်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅ခုနှစ်တွင် နိုင်ငံ၏ ဆင်းရဲမှုကို ၁၆ ရာခိုင်နှုန်းသို့ လျော့ကျအောင် ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိရာ အောင်မြင်အောင် ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်သာကိုင်သာဖြစ်စေရန်အတွက် လိုအပ်သည့် ဥပဒေများ ပြင်ဆင်ပေးခြင်း၊ အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ လုပ်ငန်းများ လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဎင်းပြင် နိုင်ငံတော်က လူတိုင်းမူလတန်းပညာအခမဲ့သင်ယူပြီးစီးရေး၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ရေးနှင့် စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်း၍ ပညာရေး အဆင့်မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်ပေးစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတော် တည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ဥပဒေစည်းကမ်းများနှင့်အညီ ပေါင်းစပ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသော အင်တာနက်၊ တီဗွီနှင့် မာလ်တီ မီဒီယာများ ချိတ်ဆက်အသုံးပြုနိုင်သော MPT Satellite Terminal များကို ဥက္ကဋ္ဌကိုယ်စား Hi Fi လုပ်ငန်းရှင် ဦးစိုးဝင်းက မြိတ်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာတင့်ဆန်းနှင့် မြိတ်ကွန်ပျူတာတက္ကသိုလ်မှ လက်ထောက်ကထိက ဦးမြတ်အောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၌ အခြေပြုရပ်နားကြသည်။ (သတင်းစဉ်)

...သူရဦးတင်အောင်မြင့်ဦး ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ...ကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ...င်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

မကွေးတိုင်းဒေသကြီးအတွင်း GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်နေသည့် GSM တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ မိုဘိုင်းတယ်လီဖုန်းများကို မြို့ပြနှင့် ကျေးလက်ဒေသများအထိ မြန်မြန်ဆန်ဆန် အသုံးပြုနိုင်မှသာ နိုင်ငံတော်မှ ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ဖြစ်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပြည်တွင်းကုမ္ပဏီများအနေဖြင့်လည်း မိမိတို့တာဝန်ယူတည်ဆောက်နေသည့် မြို့နယ်၊ ကျေးရွာများ၌ တပ်ဆင်တည်ဆောက်ရေး လုပ်ငန်းများအား အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရန်နှင့် ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်းဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဇန်နဝါရီ ၂၃ ရက်တွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသော မကွေးတိုင်းဒေသကြီးအတွင်း GSM မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး မန်နေဂျာနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဤစီမံကိန်းမှာ ပြည်သူများအတွက် လွန်စွာအထောက်အကူပြုနိုင်သည့် စီမံကိန်းဖြစ်သဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများ၊ လိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း တင်ပြသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...ရုပ်မြင်သံကြားအစီအစဉ်

...-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၉၇)**
၄း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၄း၅၅ National Expo Exhibition & Car Show
၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၁၅ သင်ကြားရေးလမ်းညွှန်
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၉၈)**
၇း၃၅ Cartoon Show Time
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဥရောပဂန္တဝင် တေးသွားဂီတ မိတ်ဆက်ပွဲ (အပိုင်း-၃)
၈း၄၅ ၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံ
၉း၀၅ Celebrity Style
၉း၂၀ The Shop Around The Corner (Part-8)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ”**
(အပိုင်း-၅၁)
၁၀း၁၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၆)**
၁၁း၁၀ သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABG အစွမ်း
၁၁း၃၀ World of Knowledge
၁၂း၁၅ ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းဘေးကြား
၁၂း၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
၁၂း၅၅ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁း၁၅ ဖန်တီးသူနှင့်အနုပညာ
၁း၄၅ ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
၁း၅၅ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း
၂း၄၀ မြန်မာ့သနပ်ခါး
၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅ လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၄း၀၅ ရမ္မာဝတီသို့. . . ရွက်လွှင့်ခြင်း
၄း၂၅ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၀ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုက်ဂူ

အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

ပေါင်းတည် ဇန်နဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မြေနံ့သာကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပေါင်းတည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ မြို့နယ်ပညာရေးမှူး ဦးမောင်မောင်ဌေး၊ ကျေးရွာကျောင်းအကျိုးတော်ဆောင် ဦးမြသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းပညာရေးမှူး ဆရာကြီး ဦးဝင်းမြင့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပညာရေးမျှော်မှန်းချက်ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

(၆၀၇)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးအနုပါ ၁၉ ဦးတို့က လျှောက်ထားသည့် **မြို့တိုင်းရင်းသားပါတီ** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် ကုန်သည် / စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr.Sieng Bunvuth သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့အား ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ UMFCCI အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုအား ဂျာမနီနိုင်ငံတွင် စမ်းသပ်ကစားရန် ကမ်းလှမ်းထား

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး အားကစားသမား မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးနှင့် ဇေယျာရွှေမြေ အသင်းတိုက်စစ်မှူး ကျော်ကိုကို**(ယာပုံ)**အား ဂျာမနီနိုင်ငံတွင် လာရောက်စမ်းသပ်ကစားရန် ဂျာမနီနိုင်ငံ Football Net Management အေဂျင်စီကကမ်းလှမ်းထားကြောင်း သိရသည်။

၎င်းကမ်းလှမ်းချက်နှင့် ပတ်သက်၍ ဂျာမနီသို့သွားရောက်ကစားရန်အတွက် ဇေယျာရွှေမြေအသင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ခွင့်ပြုစာတင်ထားကြောင်း သိရသည်။ ၁၉၉၈ ခုနှစ်က မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း အောင်ထွန်းထွန်းသည် ထိုင်းနှင့်ပြင်သစ်ကလပ်အသင်းများတွင် ကစားခဲ့ဖူးသည်။

ပြီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကျော်ကိုကိုသည် မြန်မာဘောလုံးအသင်းအတွက် ငါးဂိုးသွင်းကာ အထူးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ကြေးတံဆိပ်ဆုရရှိအောင် ကစားပေးခဲ့သူဖြစ်သည်။ အရှေ့တောင်အာရှ အကောင်းဆုံး ဘောလုံးသမား ငါးဦးစာရင်းတွင် ကျော်ကိုကိုလည်းပါဝင်ခဲ့သည်။

ထိုအစီအစဉ်ဖြစ်မြောက်ခဲ့ပါက မြန်မာ့ဘောလုံးလောကအတွက် တိုးတက်မှုတစ်ခုဖြစ်ပြီး ဥရောပတွင် ဥပဒေနှင့်အညီ တရားဝင်ကစားသော ပထမဆုံး မြန်မာဘောလုံးသမားဖြစ်လာမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း — အေဝမ်းစိုး

The Normal Heart ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်နေသည့် ဂျူလီယာရောဘတ်

ဟောလိဝုဒ်နာမည်ကျော်မင်းသမီး ဂျူလီယာရောဘတ် **(ယာပုံ)** သည် ရိုင်ယန်မာဖီ၏ The Normal Heart ဇာတ်ကားတွင် အဲလက်စ်ဘာလ်ဒ်ဝင်းနှင့် မာ့ခ်ရပ်ဖလိုးတို့နှင့်အတူ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

အော်စကာဆုရမင်းသမီး ဂျူလီယာရောဘတ်သည် ၁၉၈၀ ခုနှစ်များက အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဖြစ်ပေါ်ခဲ့သော HIV/AIDS ရောဂါများ စတင် ကူးစက်ဖြစ်ပွားပုံမှတ်တမ်းများကို အခြေခံရိုက်ကူးမည့် The Normal Heart ဇာတ်ကားတွင် မတ်ဘိုမာ၊ ဂျင်ပါဆင်တို့နှင့်အတူ တွဲဖက်သရုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

၎င်းဇာတ်ကားကို လောရီကရာမာ က ဇာတ်ညွှန်းရေးသားပြီး The Normal Heart အမည်ဖြင့်ပင် ကဇာတ်ရုံတွင် ပြဇာတ်အဖြစ် ကပြခဲ့ဖူးသည်။ ဂျူလီယာရောဘတ်က ဒေါက်တာအမ်မာဘရွတ်ခ်နာအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။ ၎င်းဇာတ်ရုပ်နေရာကို ပြဇာတ်အဖြစ် ကပြစဉ်က မင်းသမီး အယ်လန်ဘာကင်သည် Tony Award ဆုကို ဆွတ်ခူးရရှိခဲ့သည်။

၎င်းဇာတ်ကားသည် ရိုင်ယန်နှင့် ဂျူလီယာတို့၏ ဒုတိယအကြိမ်မြောက် လက်တွဲခြင်းဖြစ်ပြီး ယခင်က ၎င်းတို့နှစ်ဦးလက်တွဲရိုက်ကူးခဲ့သည့် Eat Pray Love ဇာတ်ကားမှာ အောင်မြင်မှုရရှိခဲ့သည်။ ဂျူလီယာကို မကြာသေးမီက ဖြန့်ချိပြသခဲ့သော Larry Crown ဇာတ်ကားတွင် ကြည့်ရှုနိုင်ပြီး မကြာမီ ဖြန့်ချိပြသမည့် Mirror Mirror ဇာတ်ကားတွင်လည်း ရှုစားရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

ဒုစရိုက်လောကသားတို့၏ ထုံးစံ (Contraband)

မူးယစ်မှောင်ခိုသမားဟောင်း ချာရစ်ဖာရာဒေးသည် မှောင်ခိုသမားဘဝကို မေ့ဖျောက်ကာ အေးအေးလူလူနေထိုင်လျက်ရှိသော်လည်း ယောက်ဖဖြစ်သူ အန်ဒရီမှာ ၎င်း၏ သစ္စာမဲ့သောသူဌေးကြောင့် ဒုက္ခရောက်နေသောအခါ အန်ဒရီ၏ အကြွေးပြဿနာကို ဖြေရှင်းပေးရန် ချာရစ်သည် မူးယစ်မှောင်ခိုလောကသို့ တစ်ကြော့ပြန်ဝင်ရောက်လှုပ်ရှားခဲ့ရပြန်သည်။

ဝါရင့်မှောင်ခိုသမား ချာရစ်သည် ၎င်း၏အခင်ဆုံးမိတ်ဆွေ ဆီဘာစတိန်း၏ အကူအညီဖြင့် မှောင်ခိုသမား လူတစ်စုကို အချိန်တိုအတွင်း ဖွဲ့စည်းနိုင်ခဲ့သည်။ ချာရစ်သည် ၎င်း၏လူတစ်စုနှင့်အတူ မနားမားသို့ ထွက်ခွာသွားပြီး သန်းပေါင်းများစွာသော ငွေတောင်းခံလွှာအတုများနှင့်အတူ ပြန်လည်ရောက်ရှိလာခဲ့သည်။

ချာရစ်သည် ပြဿနာပေါင်းစုံကို ငွေဖြင့် နာရီပိုင်းအတွင်း ဖြေရှင်းပေးနိုင်ခဲ့သော်လည်း ၎င်း၏ ခေတ်မမီတော့သည့် ပြဿနာကို ဖြေရှင်းပုံနည်းလမ်းကြီးကြောင့် ၎င်း၏ဇနီးသည်နှင့် သားများမှာ ရက်စက်ကြမ်းတမ်းသည့် မူးယစ်ရာဇာတို့၏ အဓိက ပစ်မှတ်သားကောင်များ ဖြစ်ရလေသည်။

၎င်း Contraband ဇာတ်ကားကို ဒါရိုက်တာ ဘာလ်တာဆာကိုမာကူးက ရိုက်ကူးတင်ဆက်ထားပြီး အဓိက ဇာတ်ကောင်ချာရစ်အဖြစ် ဝဲလ်ဘတ်ချ်နှင့် မင်းသမီးကာတီဘက်ခ်ကင်ဆေ့တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ***အင်တာနက်။***

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

အသင်းပြောင်းရွှေ့ကစားမှာလား ဘာလော့တယ်လီ

မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဘာလော့တယ်လီ

မန်ချက်စတာ ဇန်နဝါရီ ၂၄

မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဘာလော့တယ်လီသည် ၎င်း၏ အနာဂတ်အဆုံးအဖြတ်မပေးမီက အီတီဟက်ကွင်းတွင် ၂၀၁၃ ခုနှစ်အထိ ဆက်လက်ကစားဦးမည်ဟု ၎င်း၏ အေးဂျင့်ဖြစ်သူက မျှော်လင့်ထားကြောင်း ဇန်နဝါရီ ၂၄ ရက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သို့သော် ဘာလော့တယ်လီအနေဖြင့် အသင်းပြောင်းရွှေ့မှု တစ်စုံတစ်ရာ ပြုလုပ်နိုင်မည်လားဆိုသည်ကိုမူ သံသယရှိထားကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။ အကြောင်းမှာ ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ် (၂၂)အဖြစ် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စပါးကစားသမား စကော့ပါကာမျက်နှာကို နောက်ပြန် ဆောင့်နင်းခဲ့မိသည့်အတွက် ဖီဖာက ကြမ်းတမ်းစွာကစားမှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

ဖီဖာ၏ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းသည် အငြင်းပွားဖွယ် အီတလီသားလေး ဘာလော့တယ်လီ၏ စိတ်ဝင်စားဖွယ် ဘောလုံးလောကတွင် နောက်ဆုံးဆွေးနွေးစရာ အချက်တစ်ချက်ဖြစ်လာခဲ့သည်။ ထို့ပြင် အေစီမီလန်အသင်းက စိတ်ဝင်စားနေသည်ဟူသောသတင်းများ ထွက်ပေါ်ခဲ့ခြင်းသည်လည်း ဘာလော့တယ်လီအနေဖြင့် အသင်းပြောင်းရွှေ့ရေးဆုံးဖြတ်ချက်ကို အရှိန်မြှင့်ပေးမည့် ဝေဖန်မှုများကို အထောက်အပံ့ပေးနေခြင်းဖြစ်သည်။

သို့သော် ဖီဖာ၏ တရားစွဲဆိုခြင်းခံခဲ့ရသည့်နေ့တွင်ပင် ဘာလော့တယ်လီ၏ အေးဂျင့်ဖြစ်သူက ဘာလော့တယ်လီ၏ ဘောလုံးသမားဘဝသည် ယခု မန်စီးတီးအသင်း၏နည်းပြ မန်စီနီလက်ထက်က အေစီမီလန်အသင်းတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းတွင် ဘာလော့တယ်လီ ဆက်လက်ကစားနေဦးမှာလားဆိုသည်ကို မပြောပြနိုင်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားခဲ့သည်။ ***အင်တာနက်။***

အေစီမီလန်တိုက်စစ်မှူး အီဘရာဟီမိုဗစ် စီးရီးအေ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုရရှိ

မီလန် ဇန်နဝါရီ ၂၄

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း၏ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၂၀၁၁ ခုနှစ်အတွက် အီတလီစီးရီးအေ၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု (Oscar del calcio)ကို ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းကဲ့သို့ အကောင်းဆုံးဘောလုံးသမားဆုအပြင် အကောင်းဆုံးနည်းပြဆု၊ အကောင်းဆုံးအသင်းဆုတို့ကိုပါ ချီးမြှင့်ခဲ့ရာ အကောင်းဆုံးနည်းပြဆုကို အေစီမီလန်နည်းပြ မက်ဆီမီလီယာနိုကယ်လီဂီက ဆွတ်ခူးနိုင်ခဲ့ပြီး အကောင်းဆုံးနောက်ခံကစားသမားဆုကို အေစီမီလန်နောက်ခံလူ သီယာဂို ဆေးလ်ဗားကပင် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၁၁ ခုနှစ်သည် အေစီမီလန်အသင်း၏ အထင်ကရနှစ်ဟုပင် သတ်မှတ်၍ ရသည်။

သို့သော် အကောင်းဆုံးအသင်းဆုကိုမူ အူဒီးနိစ်အသင်းက ဆွတ်ခူးနိုင်ခဲ့ပြီး အကောင်းဆုံးဂိုးသမားဆုကို အူဒီးနိစ်ဂိုးသမား ဟန်ဒါနိုဗစ်က ဆွတ်ခူးနိုင်ခဲ့သည်။ ***အင်တာနက်။***

မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်

မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်ကို ချန်ပီယံရှစ်ကလပ် ဘရိုက်တန်အသင်းခေါ်ယူလို

လန်ဒန် ဇန်နဝါရီ ၂၄

ချန်ပီယံရှစ်ကလပ် ဘရိုက်တန်အသင်းသည် မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်ကို ခေါ်ယူလိုကြောင်း မန်ယူအသင်းထံ ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ဘရိုက်တန်အသင်းက မိုက်ကယ်အိုဝင်မှာ ၎င်းတို့အသင်းအတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်နေသည်။

အသက် (၃၂)နှစ်အရွယ် အိုဝင်သည် ၂၀၀၉ ခုနှစ်က နယူးကာဆယ်မှ မန်ယူသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ယခုလက်ရှိအချိန်တွင် ဒဏ်ရာပြဿနာများဖြင့် လုံးပမ်းနေရသည်။ ၎င်းကြံ့ခိုင်မှုပြည့်ဝနေချိန်တွင်လည်း မန်ယူတိုက်စစ်တွင် ဝိန်းရွန်းနီ၊ ဒန်နီဝဲလ်ဘက်၊ ဂျာဗီရာဟာနန်ဒက်ဇ် နှင့် ဘာဘာတော့ဗ်တို့ရှိနေသဖြင့် ပွဲထွက်ခွင့်တစ်နေရာအတွက် မရေမရာဖြစ်နေရသည်။

အိုဝင်သည် မန်ယူသို့ရောက်ရှိပြီးနောက် ၁၈ ပွဲသာ အပြည့်အဝပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၃၄ ပွဲတွင် လူးစားလဲအဖြစ်သာ ဝင်ကစားခဲ့ရသည်။ ၎င်း၏ သွင်းဂိုးစုစုပေါင်းမှာ ၁၇ ဂိုးဖြစ်သည်။ ***အင်တာနက်။***

ပီအက်စ်ဂျီအသင်းက လမ်းပတ်အတွက် အံ့အားသင့်ဖွယ် ကမ်းလှမ်းမှုတစ်ရပ် လုပ်ဆောင်ခဲ့

ပါရီ ဇန်နဝါရီ ၂၄

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် အံ့အားသင့်ဖွယ် ကမ်းလှမ်းမှုတစ်ရပ်ကို ပြုလုပ်လိုက်ကြောင်း ဇန်နဝါရီ ၂၄ ရက် သတင်းများက ဆိုသည်။

အင်္ဂလန်ကြယ်ပွင့် ချယ်လ်ဆီးကစားသမား လမ်းပတ်သည် လက်ရှိ စတမ်းဖို့ဒ်စာချုပ်သက်တမ်းမှာ ၁၈ လကျန်ရှိနေပြီး အံ့သြဖွယ်ရာကမ်းလှမ်းမှု တစ်ခုအနေဖြင့် မန်ယူအသင်းကလည်း ကမ်းလှမ်းထားပြီးဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ ဂိုးအများဆုံး သွင်းထားသူများစာရင်းတွင် တတိယနေရာ၌ ရပ်တည်ခဲ့သော အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားလမ်းပတ်သည် အသင်းမန်နေဂျာ ဘိုအာ့စ်ရောက်ရှိလာချိန်မှစ၍ ခြေစွမ်းကျလာပြီး ယခုနှစ်ရာသီတွင်လည်း ချယ်လ်ဆီး၏ ပထမအသင်းတွင် နည်းပြ၏ကန့်သတ်မှုများရှိခဲ့ခြင်းကြောင့် ပျော်ရွှင်မှုမရရှိခဲ့ကြောင်းသတင်းများလည်း ပေါ်ထွက်ခဲ့သည်။

လမ်းပတ်သည် နော့ဝှ်ချ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်လည်း ခြေသလုံးဒဏ်ရာဖြင့် ပထမပိုင်းတွင်ပင် တွန်းတွန်းတိုက်တိုက် မကစားနိုင်ခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

ဟိန်းထက်လင်း

နိုင်လင်းကြည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို ကျေကျေညက်ညက်လေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဒီ Grade 11 English Text ရဲ့ သင်ခန်းစာအားလုံးမှာ ပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းတွေဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးတာဖြစ်ပါတယ်။ ယခင်နှစ်တွေလိုပဲ မေးခွန်း(၉)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁) ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်ပါ အကြောင်းအရာတွေကို မေးခွန်း A နဲ့ B (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No.1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာဖြစ်တယ်။ မေးခွန်းအပုဒ်ငယ်(၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာ ဖြစ်တယ်။ သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံး စကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ မရပါဘူး။ ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို ပြောင်းရေးဖို့လိုချင်လိုလိမ့်မယ်။ ဥပမာ-စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်၊ စာပိုဒ်ထဲမှာ verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်၊ ပေးထားတဲ့ verb က active voice အနေနဲ့သုံးထားပြီး မေးခွန်းမှာတော့ passive voice နဲ့ ပြန်ရေးဖို့ လိုချင်ရင်လည်း လိုပါမယ်။

ဥပမာ စာပိုဒ်ထဲမှာ When Annie arrived at the Kellers' house, she found a very messy spoilt little girl. လို့ပေးထားပေမယ့်မေးခွန်းမှာ On ---------- at the Kellers' house,Annie found a very messy, spoilt little girl. လို့ပေးထားရင်၊ ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက noun form ဖြစ်ရပါမယ်။ ဒါကြောင့် arrived ဆိုတဲ့ စာပိုဒ်ထဲက past tense နဲ့ပေးထားတဲ့ verb ကိုဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က arrival ဖြစ်ပါတယ်။တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင်လိုလိမ့်မယ်။ ဥပမာ Advertisements: the Pros and Cons ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ We cannot buy personal good looks, intelligence, good friendships or a happy family. လို့ ပေးထားပေမယ့်၊ မေးထားတဲ့ စာကြောင်းက Personal good looks, intelligence, good friendships or a happy family ------------ လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က active verb form မဟုတ်တော့ဘဲ passive verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က cannot be bought ဖြစ်ပါတယ်။

Question No.1(B)ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့ စာပိုဒ်ထဲမှာ အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းက လိုအပ်တဲ့အဖြေက အကြောင်းအရာ (content) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ-စာပိုဒ်ထဲမှာ On the moon, stars are visible in the daytime,...... လို့ပေးထားပြီး When can we see stars on the moon? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်းပြန်မကူးဘဲ We can see stars on the moon in the daytime. လို့ မှန်မှန်ကန်ကန်ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်တွေနဲ့ဆိုင်တဲ့မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားရပါမယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်ဖို့ လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာ ပေးထားတဲ့မေးခွန်း ကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ရှစ်လုံးမြောက်စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀) ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်းအများကိန်းမှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေးကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင်ပြန်ရေးဖို့လည်းလိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ reading skill နဲ့ grammar ကျွမ်းကျင်ပိုင်နိုင်မှုအပိုင်းနှစ်ပိုင်းစလုံးကို ဆန်းစစ်ချင်တာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကိုနားလည်ပြီး grammar မှန်မှန်နဲ့အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် ပေးထားတဲ့ကွက်လပ်တွေကို ဖြည့်နိုင်အောင် ကြိုးစားရပါမယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသား၊ ကျောင်းသူတို့ရဲ့အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့မေးခွန်းပုံစံဖြစ်ပါတယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်ပါတယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ် (၁၀)ခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ မေးခွန်း(၁)ကနေ(၅)က text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်မေးခွန်း(၆)ကနေ (၁၀)ကတော့ ပြဋ္ဌာန်းဖတ်စာအုပ်ထဲက ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ သင်ယူထားတဲ့အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှုစွမ်းရည် ရှိ၊ မရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျပြန်လည်ဖော်ပြတာကိုပဲလိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှု မရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင်

1. Advertising -------- a rapid distribution of goods at reasonable prices.
2. Computers are --------;they can work for a long time without breaking down.
3. Long, long afterward, --------
   I found the arrow, still unbroke.

ဆိုတဲ့မေးခွန်းတွေကိုကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ assists ဆိုတဲ့ စကားလုံးတစ်လုံးပဲလိုပေမယ့် နံပါတ်(၂)မှာတော့ very reliable ဆိုတဲ့စကားလုံး နှစ်လုံးလိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက in an oak စကားလုံးသုံးလုံးလိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုထဲရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

မေးခွန်းနံပါတ်(၄) ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိ၊ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း (၅)ခု မေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ဖြေရမှာဖြစ်ပါတယ်။ ဥပမာ How does the saliva of the female mosquito help her? (OR) What can cranes and mechnical diggers do? လို့ နံပါတ်(၁)မှာမေးတယ်ဆိုပါစို့။ ပထမမေးခွန်းကိုရွေးပြီး ဖြေမယ်ဆိုရင် အဖြေက The saliva of the female mosquito helps her to penetrate the skin and prevents blood clots from developing in her food canal. လို့ ဖြေရပါမယ်။

ဒုတိယမေးခွန်းကိုရွေးပြီးဖြေမယ်ဆိုရင် အဖြေက Cranes and mechanical diggers can pick up things and move them around. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခုစလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာမေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? From which unit are the words taken? ဥပမာ Who said these words and to whom were they said? From which unit are the words taken?

"You" she said, "are an inquisitive little boy." လို့မေးရင်အဖြေက Jenny Tier Bishop said these words to her son, Jim Bishop. The words are taken from (the story) "Dreams Do Come True." ဖြစ်ပါတယ်။

သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ Who said these words and to whom were they said? What do they mean?

My Helen folded her napkin! လို့မေးရင်အဖြေက Mrs. Keller said these words to Annie Sullivan. They mean that when Annie Sullivan told Mrs. Keller that Helen Keller ate with a spoon and folded her napkin, she exclaimed in surprise, repeating what Annie said because she couldn't believe that her daughter, Helen folded her napkin.

Question No. IV Item 3 & 4 မေးနိုင်တဲ့ အလားတူမေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the underlined word refer to? အဲဒီစာကြောင်းထဲမှာ she, he, it, you, we, they, its, his, her, their စသဖြင့် pronoun တွေ posessive pronoun တွေပါခဲ့ရင် အဲဒီ pronouns တွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken?
What does the underlined word, 'its' in the sentence refer to?

Visitors must not miss Kuala Lumpur or KL, the capital with its sights to keep the tourist occupied. လို့မေးရင် အဖြေက The title of the unit from which the sentence is taken is 'Travel in Southeast Asia I.' The underlined word, 'its' in the sentence refers to 'Kuala Lumpur's.' ဖြစ်ပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken?What does the following sentence mean? ဆိုတဲ့မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

Looking good does not mean making yourself into a carbon copy of a famous pop star. လို့ မေးလာရင် အဖြေက The title of the unit from which the sentence is taken is 'Looking Good'. The sentence means that 'looking good' does not mean making yourself to look exactly the same as a famous pop star. လို့ဖြေရပါမယ်။ မေးခွန်းရဲ့ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။ ဒီအဖြေက နမူနာအဖြေသာဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကိုပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့မေးမှာဖြစ်တယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။

ဥပမာ What do these lines mean?
What is this life if, full of care,
We have no time to stand and stare? ဆိုတဲ့ Leisure ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီ ကဗျာနှစ်ကြောင်းရဲ့ စကားပြေကို ပြန်တဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

မေးခွန်းနံပါတ် (၅)က မေးခွန်းနံပါတ် (၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ် ပေးထားပြီး မေးခွန်း ၅ ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန် မေးခွန်းတွေဖြစ်လို့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

❀ စာမျက်နှာ ၁၅ မှ

မေးခွန်းနံပါတ် (၄) က မေးခွန်းတွေလိုပဲ အဖြေတစ်ဝက် မှန်ရင်လည်း အမှတ်တစ်ဝက်ရပါတယ်။ ဥပမာ၊ Between the ages of 10 and 14 most boys and girls begin to notice changes taking place to their bodies. Your body alters in shape and size, and your face changes too. လို့ပေးထားပြီး What changes take place to the bodies of most boys and girls between the ages of 10 and 14? လို့ မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ The bodies of most boys and girls alter in shape and size, and their faces change between the ages of 10 and 14. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့် ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation mark တွေကို မှန်အောင်ထည့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ Capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ် စစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကိုရော၊ ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်း မေးနိုင်တယ်။ ဘယ်ဝါကျပဲမေးမေး အဓိကကတော့ Punctuation marks တွေဟာ ဘာတွေလဲ၊ ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ အလေ့အကျင့်များများ လုပ်ပေးဖို့လိုပါတယ်။ ဥပမာ အားဖြင့် ဝါကျရဲ့ အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ မေးခွန်းဆိုရင် အဆုံးမှာ question mark နဲ့ အဆုံးသတ်ဖို့ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့ အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။ ဥပမာ the teacher said to thawdar why don't you play with your friends ဆိုတဲ့ ဝါကျကိုကြည့်ရင် ဝါကျရဲ့အစ စကားလုံးဖြစ်တဲ့ the ကို capital letter နဲ့ရေးရပါမယ်။ ပြီးတော့ thawdar ဆိုတာ လူနာမည်ဖြစ်လို့ capital letter နဲ့ ရေးရပါမယ်။ the teacher said to thawdar ဆိုတဲ့ direct speech နဲ့ ရေးတဲ့ ဝါကျရဲ့ နိဒါန်းပျိုးတဲ့ စကားပုဒ် (introductory clause) ရဲ့ အဆုံးမှာ comma ရှိပါမယ်။ ဆရာမက thawdar ကို why don't you play with your friends လို့ မေးတဲ့အတွက် မေးခွန်းကို capital letter နဲ့ စရေးရပါမယ်။ ပြီးတော့ မေးခွန်းကို question mark နဲ့ အဆုံးသတ်ရပါမယ်။ ဒီမေးခွန်းဟာ ဆရာမက မေးလိုက်တဲ့ direct speech နဲ့ မေးတဲ့မေးခွန်းဖြစ်လို့ မေးခွန်းရဲ့ အစနဲ့ အဆုံးမှာ inverted commas ရှိရပါမယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ **မေးခွန်းနံပါတ်(၇) ပထမပိုင်း VIIA** က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့ဝါကျ (၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ Grade 10 နဲ့ Grade 11 ပြဋ္ဌာန်းစာအုပ်တွေထဲမှာ ဒီလိုအဓိပ္ပာယ် မပြောင်းလဲဘဲ တည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ သင်ခန်းစာတိုင်းမှာပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေများများလေ့ကျင့်ထားဖို့ လိုတယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VIIB ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကို သုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:--ဆိုပြီး ရွေးစရာ (၂) ပုဒ် ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကိုရွေးပြီး ရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကိုပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ တည်ဆောက်တတ်ဖို့လိုတယ်။ ဥပမာ Malaria အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့ ပေးထားတဲ့ prompts တွေက

Malaria

- malaria-caused -protozoal parasites-spread -only 60 -380 species - Anopheline mosquito
- tropical disease-especially occurs-rainy seasons လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ Malaria ဟာ protozoal parasites ကြောင့် ဖြစ်ပွားတယ်လို့ အဓိပ္ပာယ်ရလို့ passive verb ဖြစ်တဲ့ "is caused by protozoal parasites" လို့ ရေးရပါမယ်။ ဝါကျမှာ နောက်ထပ် အကြောင်း အရာတစ်ခုဖြစ်တဲ့ Anopheline mosquito ကြောင့်ပြန့်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရလို့ and ဆိုတဲ့ conjuction နဲ့ဆက်ပြီး passive verb 'is spread by the Anopheline mosquito' လို့ ပြန်ရေးပေးရပါမယ်။ ဒါပေမယ့် ဒီနေရာမှာ Anopheline mosquito အမျိုးပေါင်း 380 ရှိတဲ့ အထဲမှာမှ 60 မျိုး ကြောင့် ဖြစ်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရလို့ only 60 of the 380 species of the Anopheline mosquito လို့ ပြန်ရေးရပါမယ်။

ဒုတိယဝါကျကိုပြန်ကြည့်ရင် malaria အကြောင်းကိုပဲ ဆက်ပြောတာဖြစ်လို့ subject က malaria ပဲ ဖြစ်ပါတယ်။ ဒါကြောင့် malaria အစား 'It' လို့ ရေးရပါတယ်။ Malaria ဟာ tropical disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းပြတဲ့ verb to be လိုပါတယ်။ ဒါကြောင့် tropical disease ကလည်း တစ်မျိုးကိုသာ ပြောတာကြောင့် a tropical disease လို့ပြန်ရေးရပါမယ်။ ဝါကျက နောက်တစ်ပိုင်းကျန်သေးလို့ conjuction 'and' နဲ့ ဆက်ရပါမယ်။ အကြောင်းအရာကိုကြည့်ရင်လည်း rainy seasons တွေမှာ အထူးသဖြင့် ဖြစ်ပွားတတ်တယ် လို့ဆိုတဲ့အတွက် malaria အကြောင်းကိုပဲ ဆက်ပြောတာဖြစ်လို့ subject က ရည်ညွှန်းပြီးသားဖြစ်လို့ pronoun 'it' ကို သုံးပါမယ်။ ပြီးတော့ rainy seasons တွေမှာဖြစ်လို့ during သို့မဟုတ် in rainy seasons လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် ဒီဝါကျကို အပြည့်အစုံပြန်ပြောမယ်ဆိုရင် It is a tropical disease and it expecially occurs during/ in rainy seasons. ဖြစ်ပါတယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a "တို့ "an"တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are"တို့ လိုရင်ထည့်ပေးရမယ်။ preposition တွေဖြစ်တဲ့ "of " တို့ "by" တို့ "in" တို့လိုရင် ထည့်ပေးရပါမယ်။

မေးခွန်းနံပါတ်(၈) ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာ တစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ -(၁) စာရေးမယ့်သူက ဘယ်သူလဲ ဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကိုရေးရမလဲဆိုတာကြည့်ပါ။ (၃)ဘာအကြောင်းအရာရေးရမလဲ ဆိုတာ အရင်သေသေချာချာ ဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ မေးခွန်းမှာစာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့် သူ (addressee) တွေရဲ့နာမည်နဲ့ လိပ်စာကိုပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာဘယ်သူ ဘယ်ဝါဖြစ်တယ်၊ ဘယ်ကျောင်း ဘယ်မြို့နယ်ကဖြစ်တယ်ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

ဒီမေးခွန်းကိုကြည့်ကြရအောင် You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend, Aung Aung who lives in Bago, telling him about the English proficiency course you are attending and what you have learnt from the course. ဒီမေးခွန်းကို ကြည့်ရင်စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကိုရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီး တော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် လက်ရှိမိမိတက်နေတဲ့ English proficiency course အကြောင်းရယ်၊ what you have learnt from the course အဲဒီသင်တန်းတက်လို့ ဘာတွေသင်ယူတတ်မြောက်လာတယ်ဆိုတဲ့ အကြောင်းအရာ နှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်း ရမှာ ဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မဖြစ်ပါစေနဲ့။ ရေးရမယ့် အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်မရနိုင်ပါဘူး။ လိုရင်း အချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရပါမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ် (၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့ -

(၁) Organization -ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၂) Relevancy -သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့်အကြောင်းအရာနဲ့သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့သတ်မှတ်မှာဖြစ်လို့ အမှတ် မရနိုင်ပါဘူး။

(၃) Content -အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့အချက်အလက်နဲ့ ဥပမာတွေကိုပြည့်ပြည့်စုံစုံထည့်သွင်းရေးသားနိုင်ဖို့လိုပါတယ်။

(၄) Language -အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ ဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကိုတွေ့ရပါတယ်။ ပေးစာများကို ငါးမျက်နှာခြောက်မျက်နှာ လောက်ရေးတာ၊ စာစီစာကုံးကိုလည်း ၁၀ မျက်နှာ ၁၂ မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိတာ၊ ဆက်စပ်မှုမရှိတာတွေကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိပဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်းရှောင်ကြဉ်ကြပါ။ မေးထားတဲ့ အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပါ။

ဥပမာ စာစီစာကုံးခေါင်းစဉ် Interesting places in Myanmar ဆိုတဲ့ခေါင်းစဉ်ရေးခိုင်းတယ် ဆိုပါစို့။ မြန်မာနိုင်ငံမှာရှိတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ နေရာများအကြောင်းရေးမှ အမှတ်ကောင်းကောင်း ရမှာဖြစ်တယ်။ နေရာတစ်နေရာတည်းအကြောင်းကိုပဲ ရေးမယ်ဆိုရင် အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း အလွတ်ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူအားလုံး မိမိတို့ ကျက်မှတ်ရမယ့် စာတွေကိုစနစ်တကျ ကျက်မှတ်လေ့လာပြီး အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးပါတယ်။ ။

ထွက်ပြီ ဦးကောဝိဒ(ရေစကြို)
ရင်သွေးများအတွက် ရင်အေးစေရန်
လိမ္မာယဉ်ကျေးရင်သွေးရတနာရရှိရေး
သတိ/စာမေးပွဲမဖြေမီ ဖြေဆိုစဉ် ဖြေဆိုပြီး
ပြုလုပ်ရမည့် အစီအစဉ်နှင့်ရင်သွေးများ
လိမ္မာယဉ်ကျေးပြီး အန္တရာယ်ကင်းစေရန်
အစီအစဉ်များပါဝင်သည်။
ဖုန်း-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇





ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်(ခ/၉၃)၊ အမှတ်(၂၇၉)၊ စကားဝါ(၃)လမ်းနေ ဦးမောင်သိန်း [၁၂/ဒပန(နိုင်)၀၃၁၆၀၂] (ကွယ်လွန်)၏ တစ်ဦးတည်းသောသမီး ဒေါ်နွဲ့ရီ [၁၂/ဒပန(နိုင်)၀၄၀၃၉၆]ပိုင် အလျားပေ ၅၀ × အနံပေ ၂၅ အမည်ပေါက် မြေကွက် လူနေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နွဲ့ရီ[၁၂/ဒပန(နိုင်)၀၄၀၃၉၆]မှ ကျွန်ုပ်မိတ်ဆွေအား ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကိစ္စ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားမူရင်းဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိခိုင်(စဉ်- ၇၂၃၂)
တရားလွှတ်တော်ရှေ့နေ
အခန်းအမှတ်(၃၀၃)၊ တိုက်(၁)၊ လှိုင်သီရိအိမ်ရာ၊
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၉၅၁၃၈၁၄၀၊ ၀၉၇၃၀၅၈၈၄၄

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်(ဝေဘာဂီ)၊ မြေကွက်အမှတ် ၁၁၀/က၊ အကျယ်အဝန်း ၁၅' × ၅၀' ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၁၀/က စိန်ပန်းမြိုင်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်သော နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဂရန်အမည်ပေါက်သူ ဒေါ်စိန်တင်မြ မှတ်ပုံတင်အမှတ် [၁၂/ဥကမ(နိုင်)၀၂၉၄၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စမ်းစမ်းစိမ့် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၀၄၀)
ဖုန်း-၀၉ ၄၉၃၁၇၅၈၉/၀၉၄၃၀၇၄၃၅၃
အမှတ်-၅၇၊ ၂ လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၀၀ဘီ၊မြေကွက် အမှတ်-၆၂/ခ၂ဘီ ၏အစိတ်အပိုင်း မြေကွက် တည်နေရာအမှတ်-၆၂/ခ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊ (ဒေါ်စစ်သူရရီရွှေကြာ) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်စစ်သူရရီရွှေကြာကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် အမှတ်- ၂၃၀၅/၂၃-၁၁-၉၂ အရ ဦးစိုင်းမောင်ဟိန်း မှပိုင်ဆိုင်ပြီး၊မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် ၁၂၀၁/၁၄-၃-၉၃ အရ မြေအစိတ်အပိုင်း (၅၆×၁၀၆) ပေအားရောင်းချသဖြင့် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ဒေါ်တင်တင်အုံးတို့မှ ဝယ်ယူပိုင်ဆိုင်ပါသည်။ ၎င်းဒုတိယဗိုလ်မှူးကြီးကျော်ဝင်းနှင့် ဒေါ်တင်တင်အုံးတို့ ကွယ်လွန်သဖြင့် ၁။ဒေါ်နိုင်နိုင်မော် [၁၁/စတန(နိုင်)၀၀၇၄၈၇]၊ ၂။ဦးနေမျိုး[၁၂/ပဘတ (နိုင်)၀၀၈၅၇၂]၊ ၃။ ဒေါ်ကေသွယ်ခိုင်[၁၂/ပဘတ(နိုင်) ၀၀၅၉၂၆]တို့က သားသမီးအရင်းများ တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းပြီးစီးပါက ထားဝယ်ဒေသသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမည် မိမိတို့ နိုင်ငံသားများလည်း ကိုယ့်နိုင်ငံအတွင်း ပြန်လည်အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ရှိ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်နည်းပညာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ထားဝယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဒေသ၏လိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ ဒေသခံလုပ်ငန်းရှင်များ ဖြစ်ကြသော ဦးခင်မောင်အေး၊ ဦးကျော်သောင်းနှင့် ဦးကျော်ကျော်ဦးတို့က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ထားဝယ်မြစ်ကြောင်းလမ်း ဖွင့်လှစ်ရေး၊ ရေဖြူမြို့နယ် ထားဝယ်မြစ်ကူးတံတား တည်ဆောက်ရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာကိစ္စရပ်များ ပံ့ပိုးဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး၊ ဆက်သွယ်ရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတဦးဆောင်၍ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်လျက်ရှိ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ၏ဆင်းရဲမှုကို ၁၆ ရာခိုင်နှုန်းသို့လျော့ကျအောင် ဆောင်ရွက်သွားရန် ကြိုးပမ်းနေ

နေပြည်တော် ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက်တွင် ထားဝယ်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ မြိတ်မြို့သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြိတ်လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေထွက်ပစ္စည်းများ တင်ပို့ထုတ်လုပ်မှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ လူတစ်ဦးချင်းဝင်ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်နေမှုနှင့် ဒေသ၏ လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ဒေသခံနှစ်ဦးက မြိတ်မြို့သစ်နှင့် မြိတ်မြို့ငါးလေလံဈေးတို့၏ လိုအပ်ချက်များ၊ ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသအတွင်းကဏ္ဍအလိုက် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❑

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)